# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့။ Tuesday, 12 July 2022 ၁၀၇၉၄


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ယခင်ဆယ်စုနှစ်များက ကလေးမွေးနှုန်း မြင့်မားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သည့်လူငယ်လူရွယ်အင်အား များပြားနေခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်

### မိမိတို့နိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိချိန်သည် ၂၀၆၀ ပြည့်နှစ် ဝန်းကျင်အထိသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားခြင်းကြောင့် ရေတို/ ရေရှည် စီမံကိန်းများတွင် မှန်ကန်သည့် မူဝါဒများ၊ အစီအစဉ်များကို ကြိုတင်မြော်တွေး စီမံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ NGO များ၊ သံတမန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသောကျန်းမာရေး**

ဆောင်းပါး စာမျက်နှာ » ၆

**ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း**

ဆောင်းပါး စာမျက်နှာ » ၁၀



**ယခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံရှိလာမည်ဟု ကုလသမဂ္ဂခန့်မှန်းထား**

စာမျက်နှာ » ၁၃

ကြေးမုံ

# ထူးမြတ်သည့် ဓမ္မစကြာအခါတော်နေ့

“သန္ဓေ တောထွက် ဓမ္မစက် တန်ခိုးပြာဋိဟာ” ဟူသော မြတ်ဗုဒ္ဓ၏ ထူးမြတ်သော ဖြစ်စဉ်လေးမျိုး ဤဝါဆိုလပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် ထူးမြတ်သည့် နေ့ထူးနေ့မြတ် နေ့တစ်နေ့ဖြစ်ပေသည်။ ဤနေ့ဤရက်တွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ထူးကဲသာလွန် တရားမြတ်ကို ရည်စူး၍ ပူဇော်ထိုက်သော သံဃာတော်ကို အလေးအမြတ်ထား၍ ကုသိုလ်အဖြာဖြာတို့ကို ပြုလုပ်ကြပြီး ဘေးဘယာဝေးကွာ ကောင်းကျိုးပွားတိုးကြအောင် အားထုတ်သင့်ပေသည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ သံသရာအဆက်ဆက်တို့၌ ထူးကဲသာလွန်သည့် ပါရမီအမျိုးမျိုးတို့ကို ဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မယ်တော်မာယာဒေဝီ၏ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်တော်မူသည်။ ဘုရားအလောင်းသည် သက်တော် ၂၉ နှစ်အရွယ်၌ “သူအို၊ သူနာ၊ သူသေ၊ ရဟန်း” ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့၌ တောထွက်၍ ရဟန်းပြုတော်မူသည်။ ရဟန်းဖြစ်၍ ဒုက္ကရစရိယာ ခြောက်နှစ်တိုင်တိုင်ကျင့်သောအခါ တရားမရနိုင်သည်ကို ဆင်ခြင်တော်မူပြီး “မဇ္ဈိမပဋိပဒါ” အလယ်အလတ်လမ်းစဉ်ဖြင့် ကျင့်တော်မူပြီး ဥရုဝေလတော နေရဥ္စရာမြစ်ကမ်းပါးအနီး မဟာဗောဓိပင်ရင်း၌ အတုမရှိသဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရားဖြစ်တော်မူသောအခါ ဣသိပတန မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူသည်။ ဘုရားရှင်အား ခမည်းတော်သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့က ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ကြိုဆိုသောအခါ ငယ်ရွယ်သောဘုရားရှင်အား ဦးချကန်တော့ရန် ဝန်လေးနေကြသည်။ ထိုအခါ ဘုရားရှင်သည် ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး သာကီဝင်ဆွေတော်မျိုးတော်တို့၏မာနကို ပယ်ချတော်မူသည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် သန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ပဥ္စဝဂ္ဂီ ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့၊ သာကီဝင်မင်းမျိုး ဆွေတော်မျိုးတော်တို့ကို တန်ခိုးပြာဋိဟာ ပြတော်မူသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ဝါဆိုလပြည့်နေ့၏ အနှစ်သာရမှာ တရားအပေါင်းတို့တွင် ထူးကဲသာလွန်သော ဓမ္မစကြာတရားဦးဖြစ်သည်။ ဓမ္မစကြာဟုခေါ်တွင်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို မြတ်စွာဘုရားဟောကြားတော်မူပြီးနောက် အတုမရှိ သဗ္ဗညုဘုရားရှင်ဖြစ်တော်မူသည်။ မြတ်စွာဘုရားရှင်သည် လောကလူသားဝေနေယျ များသတ္တဝါတို့အား သံသရာမှ လွတ်မြောက်ရာကျင့်စဉ်ဖြစ်သော သစ္စာလေးပါးမြတ်တရား၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို ဟောပြတော်မူခဲ့သည်။ လောကတွင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးသည် ဆည်းကပ်ကိုးကွယ်ထိုက်ရာဖြစ်ပြီး လောကလူသားများ၏ ကောင်းကျိုးများကို ဆောင်ကြဉ်းပေးသည်။ မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦးကို မဟောကြားမီက ဘုရားရတနာ၊ တရားရတနာသာ ပေါ်ထွန်းသေးသည်။

ဝါဆိုလပြည့် ဓမ္မစကြာတရားဦးဟောရာ ဤနေ့ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေလည်းဝင်စ၊ လလည်းထွက်ပြူချိန်ဖြစ်သော ဝါဆိုလပြည့် စနေနေ့ ညချမ်းအချိန်ဖြစ်သည်။ နေလနက္ခတ်တာရာနှင့် ပျားပန်းခပ်မျှ တရားနာလာကြသော နတ်ဗြဟ္မာတို့၏ အရောင်အဝါများ၊ တစ်လောကလုံး အခါမဲ့ပွင့်သော ပန်းမာန်များကြောင့် လောကတစ်ခွင် ထွန်းလင်းတောက်ပပြီး လောက၌ အထူးခြားဆုံးနေ့တစ်နေ့ဖြစ်သည်။ လပြည့်ကျော် ၁ ရက်နေ့မှ လေးရက်တိုင်တိုင် ဓမ္မစကြာတရားတော်အတိုင်း ကျင့်ကြံအားထုတ်တော်မူရာ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိလေးဦးတို့သည် တစ်ရက်ပြီးတစ်ရက် တစ်ပါးပြီးတစ်ပါး သောတာပန်တည်ကြလေသည်။ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် အနတ္တလက္ခဏာသုတ္တန်ကိုဟောတော်မူရာ ပဥ္စဝဂ္ဂီ ငါးပါးစလုံး ရဟန္တာဖြစ်တော်မူသည်။ ထိုနေ့မှစ၍ “သံဃရတနာ”ဟူ၍ ပေါ်ထွန်းလာသည်။

သို့ဖြစ်ရာ ဝါဆိုလပြည့်နေ့သည် ထိုကဲ့သို့သော ထူးကဲမွန်မြတ်သည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံခြင်းတွင် သံဃာတည်းဟူသောဂုဏ်သည် အထူးပြုထိုက်ပါသည်။ ဤအချိန်အခါသည် ရဟန်းတော်တို့ ဝါဆိုဝါကပ်သော ကာလဖြစ်၍ ဝါဆိုလ ဝါတွင်းကာလတွင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တို့ကို အာရုံပြုကာ ဝါဆိုတော်မူကြသော သံဃာတော်တို့အား ဆည်းကပ်ပူဇော်ခြင်းဖြင့် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအားအင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့်အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံ မှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့် ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအားရွှေကြက်ယက်လမ်းနှင့် ဆုံရာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“လှိုင်သာယာမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်အား မိုင်းထောင်ဖောက်ခွဲသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသာဘုန်းကြီးကျောင်းမှ ဆရာတော်၏လည်ပင်းအား ဓားဖြင့် ရက်စက်စွာခုတ်၍ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်”**နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၁၈၂ | ၁,၃၆၅,၀၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၀၀ | ၂,၈၄၈ | ၇,၄၀၅,၅၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၅ | ၂၆၂,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၇၆ | ၄၃၁,၂၀၀ |
| EFR | ၂,၆၀၀ | ၂,၅၀၀ | ၇၀ | ၁၈၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၀.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၈၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၂၃၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၇.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၀၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၇.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၉.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၀.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်းသတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်းသတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

☆ ရှေ့ဖုံးမှ

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေသန်း ၅,၀၀၀ ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာ ပြဿနာများနှင့် လူသားအားလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မိလာစေရန် ရည်ရွယ်၍ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်၍ ယခုဆိုလျှင် (၃၃)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း၊ ထိုသို့ကျင်းပခြင်းသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ အလေးထားပါဝင်ဆောင်ရွက်နေမှုကို ပေါ်လွင်စေကြောင်း။

### ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်

ကုလသမဂ္ဂအနေဖြင့် နှစ်စဉ်ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ "A world of 8 billion: Towards a resilient future for all – Harnessing opportunities and ensuring rights and choices for all" **"လူဦးရေသန်း ၈၀၀၀ ရှိသော ကမ္ဘာမြေ– ခံနိုင်ရည်ရှိသော အနာဂတ်ဖြစ်တည်ဖို့အားလုံးအတွက် အခွင့်အလမ်းများရယူလို့ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များ ပံ့ပိုးကြပါစို့"** ဟူ၍ ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်မှ ပေးလိုသည့် အဓိကအချက်မှာ လူဦးရေ သန်း ၈၀၀၀ ခန့်ရှိသောကမ္ဘာမြေကြီးတွင် တွေ့ကြုံရင်ဆိုင်နေကြရသည့် လူဦးရေဆိုင်ရာ ပြဿနာများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး လိုက်လျောညီထွေတုံ့ပြန်နိုင်သည့် ခံနိုင်ရည်စွမ်းရှိသော အနာဂတ်ကို ပိုင်ဆိုင်ကြရန်ဖြစ်ကြောင်း၊ ထိုသို့တုံ့ပြန်နိုင်ရန် ရရှိလာသည့် အခွင့်အလမ်းများကို မိမိရရ ဖမ်းဆုပ်ပြီး အကျိုးရှိရှိအသုံးချကြရမည်ဖြစ်သကဲ့သို့ လူသားအားလုံး၏ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များကိုလည်း အလေးထားကြရမည်ဖြစ်ကြောင်း။

### အောင်မြင်မှုတစ်ရပ်ဖြစ်

ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာပြဿနာအချို့ကိုမီးမောင်းထိုးပြလိုကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ၇,၉၀၀ ကျော် ရှိရာမှ မကြာမီကာလတွင် သန်း ၈၀၀၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ လူဦးရေ သန်း ၈၀၀၀ ပြည့်လာခြင်းသည် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် လူ့သက်တမ်းပိုမိုရှည်လာခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှု လျော့ကျလာခြင်း စသဖြင့် ကမ္ဘာမြေကြီးအတွက်ရော လူသားများအတွက်ပါ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

မကြာသေးမီကာလက တစ်ကမ္ဘာလုံး ရင်ဆိုင်ခဲ့ရသည့် ကိုဗစ်–၁၉ ရောဂါနှင့် နောက်ဆက်တွဲပြဿနာများကို တုံ့ပြန်ဖြေရှင်းနိုင်ရန် အချိန်တိုကာလအတွင်း ကာကွယ်ဆေးများ စံချိန်တင်လောက်အောင် တီထွင်ထုတ်လုပ်လာနိုင်ခြင်းသည်လည်း ကမ္ဘာ့လူသားများ၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကို ပြသနေကြောင်း၊ အိမ်တွင်းအောင်းနေကြရသည့် အခက်အခဲများအကြားကပင် လုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးနည်းပညာ ဆန်းသစ်တီထွင်မှုများသည်လည်း အခက်အခဲများကို အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည့် သာဓကများပင်ဖြစ်ကြောင်း၊ ထိုသို့ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတိုင်းအတွက်၊ လူတိုင်းအတွက် တစ်ပြေးညီ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ မညီမျှမှုများ ရှိနေဆဲဖြစ်သည်ဆိုသည်ကို ကိန်းဂဏန်း အချက်အလက်များက ပြဆိုနေကြောင်း။

### မြင့်မားနေဆဲဖြစ်

ထို့ပြင် ကမ္ဘာပေါ်၌ ကလေးမွေးဖွားစဉ်မိခင်အမျိုးသမီးများ သေဆုံးကြသည့်ဖြစ်စဉ်များရှိနေဆဲဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မွေးကင်းစကလေးငယ်သေဆုံးနှုန်းသည်လည်း မြင့်မားနေဆဲဖြစ်ကြောင်း၊ ကျား/မ ရေးရာကွာဟမှုများလည်း နေရာကဏ္ဍအသီးသီးတွင် ရှိနေဆဲဖြစ်ပြီး ခေတ်မီဆက်သွယ်ရေးနည်းလမ်းများ အရှိန်အဟုန်ဖြင့် တိုးတက်နေသော်လည်း အလှမ်းကွာဝေးနေသူများစွာ ရှိနေဆဲဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးပွားနေသော်လည်း နိုင်ငံတိုင်းတွင် တစ်သမတ်တည်း ညီညီမျှမျှ တိုးပွားနေခြင်းမဟုတ်သည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ အထိ နှစ်စဉ်ပျမ်းမျှ ၁ ရာခိုင်နှုန်းဖြင့် တိုးပွားနေသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများတွင် လူဦးရေတိုးပွားနှုန်း တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၁ ရာခိုင်နှုန်းအောက်ရောက်ရှိနေပြီး အာဖရိကနိုင်ငံ အများစုတွင် လူဦးရေတိုးနှုန်း ၂ ရာခိုင်နှုန်းမှ အချို့နိုင်ငံများတွင် ၃ ရာခိုင်နှုန်းနှင့်အထက် တိုးပွားနေသေးသည်ကို တွေ့ရကြောင်း၊ လူဦးရေတိုးနှုန်းကွာဟမှုနှင့်အတူ နိုင်ငံများ၏ ပျမ်းမျှသက်တမ်းနှင့် ကလေးမွေးဖွားနှုန်းများ အလွန်အမင်း ကွာဟနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သာတူညီမျှမှုမရှိခြင်းနှင့်အတူ စိုးရိမ်စရာ စိန်ခေါ်မှုများ တည်ရှိနေဆဲဖြစ်ကြောင်း။

### ကြိုးစားရှန်းကန်နေကြ

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မွေးဖွားနှုန်းနိမ့်ကျမှုနှင့်အတူ လုပ်သားအင်အားရှားပါးလာပြီး သက်ကြီးရွယ်အိုများပြားလာသည့်အတွက် စိုးရိမ်ဖွယ်ဖြစ်နေသကဲ့သို့ ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများ၌လည်း လျင်လျင်မြန်မြန် တိုးပွားလာသော လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အပြင်းအထန်ကြိုးစားရှန်းကန်နေကြကြောင်း။

စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသည့် လူဦးရေသည်လည်း မည်သည့်အချိန်ကနှင့်မျှ မတူအောင် တိုးပွားလာနေကြောင်း၊ အထူးသဖြင့် ကမ္ဘာတွင် လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်–၁၉ ကပ်ရောဂါဘေးဆိုးနှင့် နောက်ဆက်တွဲ ပြဿနာများ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ကမ္ဘာ့လူဦးရေ အများစု ခံစားနေကြရကြောင်း။

လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းကြောင့် ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် အလယ်အလတ်အောက်သာ ဝင်ငွေရရှိကြသည့် နိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများ၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားမရှိမဖြစ်ဝန်ဆောင်မှုများစသည့် နိုင်ငံ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်နေရသော စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်တွေ့ကြုံနေကြရခြင်းသည်လည်း လူဦးရေတိုးပွားမှုနှုန်းမြင့်မားလာခြင်းအပေါ် ကုလသမဂ္ဂက ချမှတ်ထားသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရေး အခက်အခဲနှင့် အဟန့်အတားများထဲမှ တစ်ခုဖြစ်သည်ကို တွေ့ရကြောင်း။

### မီးမောင်းထိုးပြနေ

လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းသည် အမျိုးသမီးများကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ်တွေ့ကြုံရသည့် ကျန်းမာရေးပြဿနာများရှိနေခြင်း၊ မိသားစုစီမံကိန်း အားနည်းခြင်း၊ သားဆက်ခြားနှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်နေခြင်း၊ ကျား/မတန်းတူညီမျှမှု မရှိခြင်းတို့ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသည့်နိုင်ငံအများစုတွင် နေထိုင်ကြသည့် လူဦးရေသန်းပေါင်းများစွာသည် မျိုးဆက်ပွားပညာရပ်များကို သိစေခြင်းငှာ သတင်းအချက်အလက်ရရှိမှုနှင့် လိုအပ်သည့်ဝန်ဆောင်မှုများရရှိမှုအားနည်းနေကြောင်း ကုလသမဂ္ဂက သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရကြောင်း။

တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် ကမ္ဘာ့နိုင်ငံများတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားနေပြီး မှီခိုသူအရေအတွက်လျော့ကျလာခြင်းကြောင့် လူဦးရေဆုလာဘ် (Demographic Dividend) ရရှိနေသည့် နိုင်ငံများရှိသကဲ့သို့ တစ်ဖက်တွင် လူဦးရေတိုးပွားမှု နည်းလွန်းသည့်အတွက် သက်ကြီးရွယ်အိုလူဦးရေများပြားလာပြီး လုပ်သားအင်အား ရှားပါးလာသည့် ပြဿနာများကို ရင်ဆိုင်နေကြရသည့် နိုင်ငံများလည်းရှိနေကြောင်း၊ လူဦးရေနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများသည် မတူကွဲပြားသောပြဿနာအမျိုးမျိုးကို ရင်ဆိုင်နေကြရကြောင်း။

### ပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရန်

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရန် ကမ္ဘာတစ်ဝန်းရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားဘဲ အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ အဆိုပါပန်းတိုင်များထဲမှ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်နေသည့် ပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သည့်(၂၅)နှစ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံမှ အဓိကဆောင်ရွက်ရမည့် ကဏ္ဍများအဖြစ် မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မတန်းတူညီမျှမှုရရှိရေးတို့ကို သတ်မှတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုစဉ်။

- ကမ္ဘာ့လူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးပွားနေသော်လည်း နိုင်ငံတိုင်းတွင် တစ်သမတ်တည်း ညီညီမျှမျှ တိုးပွားနေခြင်းမဟုတ်သည်ကို တွေ့ရ
- ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ အထိ နှစ်စဉ်ပျမ်းမျှ ၁ ရာခိုင်နှုန်းဖြင့် တိုးပွားနေသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများတွင် လူဦးရေတိုးပွားနှုန်း တူညီမှုမရှိသည်ကို တွေ့ရ
- တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၁ ရာခိုင်နှုန်းအောက်ရောက်ရှိနေပြီး အာဖရိကနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၂ ရာခိုင်နှုန်းမှ အချို့နိုင်ငံများတွင် ၃ ရာခိုင်နှုန်းနှင့်အထက် တိုးပွားနေသေးသည်ကို တွေ့ရ
- လူဦးရေတိုးနှုန်းကွာဟမှုနှင့်အတူ နိုင်ငံများ၏ ပျမ်းမျှသက်တမ်းနှင့် ကလေးမွေးဖွားနှုန်းများ အလွန်အမင်း ကွာဟနေသည်ကို တွေ့မြင်ကြရမည်၊ သာတူညီမျှမှုမရှိခြင်းနှင့်အတူ စိုးရိမ်စရာစိန်ခေါ်မှုများ တည်ရှိနေဆဲဖြစ်

☆ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ၏လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် (၂၅)နှစ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံက ချမှတ်ခဲ့သည့် သဘောတူညီချက်များနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင်လူဦးရေ ၅၅ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် နှစ်သန်းကျော် ပိုများသည်ကိုတွေ့ရကြောင်း၊ အမျိုးသမီးတစ်ဦးသည် ယေဘုယျအားဖြင့် ကလေးနှစ်ယောက်နှုန်းခန့်သာ မွေးဖွားနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ကလေးမွေးနှုန်းသည် မိဘနှစ်ပါးကို ပြန်လည်အစားထိုးသည့် Replacement level fertility သို့ ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။

**လူဦးရေဆုလာဘ်ရရှိနေ**

ယခင်ဆယ်စုနှစ်များက ကလေးမွေးနှုန်းမြင့်မားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သည့်လူငယ်လူရွယ်အင်အား များပြားနေခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိမိမိအသုံးချနိုင်ရန်၊ နယ်မြေဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နိုင်သူလူဦးရေကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့၏ ပညာအရည်အချင်းနှင့်ကိုက်ညီမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း သိရှိနားလည်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိချိန်သည် ၂၀၆၀ ပြည့်နှစ်ဝန်းကျင် အထိသာရရှိနိုင်မည်ဟု ခန့်မှန်းထားခြင်းကြောင့် ရေတို/ ရေရှည် စီမံကိန်းများတွင် မှန်ကန်သည့် မူဝါဒများ၊ အစီအစဉ်များကို ကြိုတင်မြော်တွေး စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ၂၀၆၀ ပြည့်နှစ် နောက်ပိုင်းတွင် သက်ကြီးရွယ်အိုများပြားပြီး လုပ်သားအင်အားရှားပါးသည့် ပြဿနာကို ရင်ဆိုင်ကြရမည့် အခြေအနေရှိလာမည်ဖြစ်သည့်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စဉ်ဆက်မပြတ်လေ့လာသုံးသပ်ဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**မညီမျှမှုများဖြစ်ပေါ်နေဆဲ**

မွေးဖွားနှုန်းကျဆင်းခြင်းသည် မြန်မာနိုင်ငံ၏နေရာဒေသအားလုံး၊ မတူညီသော အုပ်စုများအားလုံးအတွင်း တစ်ပြေးညီ ကျဆင်းနေခြင်းမဟုတ်ဘဲ မညီမျှမှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ ဒေသအချို့၊ အုပ်စုအချို့တွင် မွေးဖွားနှုန်းမြင့်မားခြင်းနှင့်အတူ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်းများ မြင့်မားနေဆဲဖြစ်ကြောင်း၊ သတင်းအချက်အလက်ရရှိမှု၊ လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများရရှိမှု စသည်တို့တွင် မညီမျှမှုများ ဖြစ်ပေါ်နေ၍ဖြစ်ကြောင်း၊ ထိုသို့သော မညီမျှမှုများကို လျှော့ချနိုင်ရန် မျိုးဆက်ပွားကျန်းမာရေးကို မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မ တန်းတူညီမျှရေးတို့ကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မျိုးဆက်ပွားကျန်းမာရေးသည် အမျိုးသမီးများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ အမျိုးသားများ၊ လူငယ်များအားလုံး၏ အခွင့်အရေး၊ ကျန်းမာရေးတို့နှင့်လည်း သက်ဆိုင်နေကြောင်း၊ အလားတူ ရပ်ရွာ ပြည်သူလူထု တစ်ရပ်လုံးသာမက နိုင်ငံတော် နှင့်လည်း သက်ဆိုင်ပါကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးကို မြန်မာနိုင်ငံတစ်ဝန်း မည်သူမဆို ရယူအသုံးပြုစေနိုင်မှသာ မြန်မာနိုင်ငံ၏ အနာဂတ်ကိုကာကွယ်စောင့်ရှောက်ရာ ရောက်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ အသုံးပြုခွင့်ရရှိနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသို့ ရောက်ရှိစေရန် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

**ခေတ်မီသားဆက်ခြားခြင်း**

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ကောက်ယူခဲ့သည့် လူဦးရေနှင့်ကျန်းမာရေးစစ်တမ်းအရ အသက် ၁၅ နှစ်မှ ၄၉ နှစ်အထိ အိမ်ထောင်ရှင် အမျိုးသမီးများ၏ ၅၇ ရာခိုင်နှုန်းသည် ခေတ်မီသားဆက်ခြားခြင်း နည်းလမ်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတရှိကြသော်လည်း အသုံးပြုနိုင်မှုသည် ၅၁ ရာခိုင်နှုန်းသာရှိနေသည်ကို တွေ့ရကြောင်း၊ ခေတ်မီသားဆက်ခြားနည်းလမ်းများ အသုံးပြုလိုသော်လည်း အသုံးပြုနိုင်ခြင်းမရှိသေးသည့် (Unmet Need for Family Planning) ရာခိုင်နှုန်းသည် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပြီး ထိုသို့သော မိသားစုစီမံကိန်းနှင့် အလှမ်းဝေးသည့် ဒေသများတွင် ကလေးမွေးနှုန်းမြင့်မားသောဒေသများ ဖြစ်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မိသားစုစီမံကိန်း၊ သားဆက်ခြားနှင့် မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ပိုမိုလိုအပ်သည့်ဒေသများ၊ အုပ်စုများနှင့် လိုအပ်သူများအားလုံး လက်လှမ်းမီစေရန် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းပြီး ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**စွမ်းဆောင်ရည်မြှင့်တင်**

အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ခုနှစ် လူဦးရေနှင့် ကျန်းမာရေးစစ်တမ်းအရ အိမ်ထောင်ရှင် အမျိုးသမီးများ၏ ၆၅ ရာခိုင်နှုန်းသည် တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ထောင်စုအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူမှုနှင့် မိဘဆွေမျိုးများထံ သွားရောက်လည်ပတ်နိုင်မှု စသည့် နယ်ပယ် သုံးခုတွင် ကိုယ်တိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်ကြောင်းတွေ့ရပြီး ထိုသို့ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အမျိုးသမီးများသည် လိုအပ်သည့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုများ ပိုမိုခံယူနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ အမျိုးသမီးများ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သည့် စွမ်းဆောင်ရည်မြင့်မားလာအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးများ၏ အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ ၂၀၁၉ ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေ ၁၀၀ တွင် ၅၂ ဦးခန့်သာ အလုပ်လုပ်နေခြင်းဖြစ်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သေးသည်ကိုတွေ့ရကြောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အခွင့်လမ်းများကို ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ အမျိုးသမီးဦးရေ ၁၀၀ တွင် ၁၅ ဦးက အသက် ၁၅ နှစ်ကတည်းက ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရကြောင်း၊ အသက် ၁၅ နှစ်ကနေ ၁၉ နှစ်အတွင်းရှိ အိမ်ထောင်သည်အမျိုးသမီး ငါးပုံတစ်ပုံသည်လည်း အိမ်ထောင်ဖက်၏အကြမ်းဖက်မှုကို တွေ့ကြုံခံစားနေရသည်ကို ဖော်ပြထားကြောင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မ တန်းတူညီမျှမှုရရှိရေး စသည့်ကဏ္ဍများတွင် ရှေ့ဆက်လုပ်ဆောင်စရာ များစွာရှိနေသေးသည်ကို သုံးသပ်ရကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေဦးမည် ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အနေအထားများအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်မှုများရှိလာနိုင်မည်ကို ကြိုတင်ခန့်မှန်းတွက်ချက်ထားပြီး ကိုဗစ်-၁၉ ကြောင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ နာတာရှည်ရောဂါသည်များနှင့် အမျိုးသမီးများ စသည့် ထိခိုက်လွယ်အုပ်စုများကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆက်လက်စီမံ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ ပြတ်တောက်ခြင်းမရှိအောင် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ အမျိုးသမီးများနှင့် ဆယ်ကျော်သက်များအတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်းနှင့် မိခင်နှင့် ကလေးသေနှုန်းလျှော့ချခြင်း၊ အာဟာရချို့တဲ့မှု လျှော့ချခြင်းနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အခွင့်အရေးကို မိမိရရဆုပ်ကိုင်**

မိမိနိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိနေချိန်တွင် တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှု လျော့ပါးသက်သာလာချိန်တွင် ပြန်လည်ကုစားရေးအစီအစဉ်များကို ဆောင်ရွက်ပြီး ရရှိလာသည့် အခွင့်အရေးကို မိမိရရဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များကို မထိပါးစေဘဲ ထိရောက်မှန်ကန်သည့် မူဝါဒများနှင့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို လွတ်မြောက်အောင် နည်းလမ်းရှာဖွေရင်း အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၌လည်း လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်း စိန်ခေါ်မှုများကိုကြံ့ကြံ့ခံရင်ဆိုင်ရင်း အခွင့်အလမ်းများအဖြစ် ပြောင်းလဲရယူပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေး စသည့် ကောင်းမွန်သည့် အနာဂတ် တည်ဆောက်နိုင်ရန် ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံ၌ လူဦးရေဆုလာဘ်ရရှိနေမှုနှင့် မူဝါဒဆိုင်ရာသုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့နှင့်သက်ဆိုင်သည့် Animation Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြန်မာနိုင်ငံ၌ လူဦးရေဆုလာဘ်ရရှိနေမှုနှင့် မူဝါဒဆိုင်ရာသုံးသပ်ချက်များကို ရှင်းလင်းတင်ပြစဉ်။

- **လက်ရှိမြန်မာနိုင်ငံတွင်လူဦးရေ ၅၅ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် နှစ်သန်းကျော် ပိုများသည်ကိုတွေ့ရ**
- **အမျိုးသမီးတစ်ဦးသည် ယေဘုယျအားဖြင့် ကလေးနှစ်ယောက်နှုန်းခန့်သာ မွေးဖွားနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ကလေးမွေးနှုန်းသည် မိဘနှစ်ပါးကို ပြန်လည်အစားထိုးသည့်** Replacement level fertility **သို့ရောက်ရှိနေပြီဟု ဆိုနိုင်**
- **မွေးဖွားနှုန်းကျဆင်းခြင်းသည် မြန်မာနိုင်ငံ၏ နေရာဒေသအားလုံး၊ မတူညီသော အုပ်စုများအားလုံးအတွင်း တစ်ပြေးညီကျဆင်းနေခြင်းမဟုတ်ဘဲ မညီမျှမှုများ ဖြစ်ပေါ်နေဆဲဖြစ်**
- **ဒေသအချို့၊ အုပ်စုအချို့တွင် မွေးဖွားနှုန်းမြင့်မားခြင်းနှင့်အတူ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်းများ မြင့်မားနေဆဲဖြစ်၊ သတင်းအချက်အလက်ရရှိမှု၊ လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများရရှိမှု စသည်တို့တွင် မညီမျှမှုများဖြစ်ပေါ်နေ၍ဖြစ်**
- **ထိုသို့သော မညီမျှမှုများကို လျှော့ချနိုင်ရန် မျိုးဆက်ပွားကျန်းမာရေးကို မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား / မ တန်းတူညီမျှရေးတို့ကို အလေးထားလုပ်ဆောင်ကြရမည်**

## အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်

**အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုး ဖြစ်တာပဲ။**

*[ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများတည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*





# (၃/၂၀၂၂) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း ငါးခုအပါအဝင် လုပ်ငန်းသစ် ၁၉ ခု ခွင့်ပြု

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၉ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀၇ ဒသမ ၁၅၅ သန်းနှင့် ငွေကျပ် ၃၂၁၉၄၈ ဒသမ ၇၅၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**လုပ်ငန်းငါးခု**

ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း ငါးခုလည်း ပါဝင်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ယနေ့အချိန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၂၀ က စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၉ ဒသမ ၁၄၆ သန်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုက စုစုပေါင်း ငွေကျပ် ၃၅၀၉၄၇ ဒသမ ၃၄၇ သန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိကြပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(နတ်မောက်)တို့၌ ဇူလိုင် ၁၉ ရက်တွင် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၁

(၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)တို့၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အထူးပြပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပတ်စဉ်တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင်လည်း ပုံမှန်အတိုင်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဇလွန်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

ဇလွန် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုကြသည့် တောင်သူများအနေဖြင့် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းမှ စာတွေ့လက်တွေ့သင်ယူရသောကြောင့် မိမိပိုင်စက်များကို စနစ်တကျဖြင့် ကိုယ်တိုင်ပြင်ဆင်လာနိုင်ခြင်း၊ စက်ပျက်စီးမှုနည်းပါးလာခြင်း၊ မိမိတတ်မြောက်ထားသောပညာဖြင့် ပြန်လည်သင်ကြားပို့ချခြင်းဖြင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ကျော်သန်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းတွင် ကောက်စိုက်စက်၊ စပါးရိတ်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ စပါးခြွေလှေ့စက်၊ လယ်ယာသုံးစက်ကိရိယာများဘာသာရပ်များကို စာတွေ့၊ ထွန်စက်ကြီးလက်တွေ့မောင်းနှင်ခြင်း၊ လက်တွန်းထွန်စက် လက်တွေ့မောင်းနှင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက် လက်တွေ့မောင်းနှင်ခြင်း၊ တစ်လုံးထိုးအင်ဂျင်နှင့် လက်တွန်းထွန်စက် ဂီယာပေါက်လက်တွေ့ပြုပြင်တပ်ဆင်ခြင်းတို့ကိုသင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁၁ ရက်မှ ၂၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ (ပြန် / ဆက်)**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ






**ရန်ကုန် ဇူလိုင် ၁၁**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၂၀၁) သင်တန်းဖွင့်ပွဲ ကျင်းပရာ ပါမောက္ခချုပ်(ကိုယ်စား) ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး) က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပါမောက္ခ (ပညာဌာနမှူး) များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဌာနခွဲမှူးများ၊ သင်တန်းမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်ကြားပို့ချမည့် ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို စာရေးအဆင့်ရှိ သင်တန်းသား ၂၄၂ ဦး၊ သင်တန်းသူ ၃၉၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၁၁ ရက်မှ စက်တင်ဘာ ၁၆ ရက်ထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသောကျန်းမာရေး

ဒေါက်တာဇင်ဇေယျာဝင်း

**တစ်ခုတည်းသောကမ္ဘာ**

၁၉၇၂ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ်ကစတင်လို့ "တစ်ခုတည်းသောကမ္ဘာ" (One earth) ဆိုတဲ့ ဆောင်ပုဒ်ကို စတင်သုံးစွဲခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ရင်ဆိုင်နေရတဲ့ ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ လေထုနဲ့ ရေထုညစ်ညမ်းမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှု၊ သဘာဝသယံဇာတ အရင်းအမြစ်တွေကို အလွန်အမင်း ထုတ်ယူသုံးစွဲမှု၊ အစားအစာဘေးကင်းလုံခြုံမှု စတာတွေအပေါ် ကမ္ဘာတစ်ဝန်း အလေးထားနိုင်ဖို့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကျင်းပခဲ့ကြပါတယ်။

ourworldindata.org ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူသားတွေဟာ တစ်နှစ်ကိုပျမ်းမျှပလတ်စတစ်တန်ချိန် သန်းပေါင်း ၃၈၀ ကျော်လောက် အမှိုက်အနေနဲ့စွန့်ပစ်ပြီး ပတ်ဝန်းကျင်နဲ့ ပင်လယ်သမုဒ္ဒရာတွေကို အကြီးအကျယ်ညစ်ညမ်းမှု ဖြစ်စေကြောင်း သိရပါတယ်။ လက်ရှိအနေအထားမှာ ကမ္ဘာ့ရေပမာဏရဲ့ သုံးရာခိုင်နှုန်းလောက်ကသာ သန့်စင်တဲ့ရေဖြစ်ပြီး ကမ္ဘာ့လူဦးရေရဲ့ သန်းတစ်ထောင်ကျော်လောက်ဟာ ရေကောင်းရေသန့်မရနိုင်တဲ့ အခြေအနေမှာ နေထိုင်နေရတယ်လို့ ဆိုပါတယ်။

၂၀၁၆ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့လေ့လာတွေ့ရှိချက်တွေအရ ကမ္ဘာတစ်ဝန်း သေဆုံးမှုတွေရဲ့ ၂၄ ရာခိုင်နှုန်းဟာ မသန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားရတယ်လို့ သိရပါတယ်။ စားနပ်ရိက္ခာ လုံလောက်စွာရရှိနိုင်မှု၊ ဘေးကင်းစိတ်ချရမှုနဲ့ အာဟာရပြည့်ဝမှုတို့ဟာ ခွဲခြားမရနိုင်အောင် ဆက်စပ်လျက်ရှိပါတယ်။ နှစ်တိုင်း ကမ္ဘာ့လူဦးရေရဲ့ ၁၀ ပုံ ၁ ပုံ ခန့်မှန်းခြေ လူသန်း ၆၀၀ လောက်ဟာ မသန့်ရှင်းတဲ့ အစားအစာတွေကြောင့် ရောဂါခံစားနေကြရပြီး လူပေါင်း လေးသိန်းကျော်လောက် သေဆုံးနေကြပါတယ်။

**နာလန်ထကမ္ဘာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ လက်ရှိစာရင်းဇယားတွေမှာ ဖော်ပြထားတာထက် သုံးဆလောက်ရှိနိုင်ပြီး ခန့်မှန်းခြေ ၁၅ သန်းလောက်ရှိမယ်လို့ ဆိုပါတယ်။ သေဆုံးသူအများစုဟာ အရှေ့တောင်အာရှ၊ ဥရောပနဲ့ အမေရိကန်နိုင်ငံတွေက ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ပြီးခဲ့တဲ့ ရက်သတ္တ နှစ်ပတ်အတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ လူနာတွေ ၃၀ ရာခိုင်နှုန်းလောက် တိုးလာပြီး ဥရောပတိုက်နဲ့ အမေရိကန်ပြည်ထောင်စုမှာ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲ BA.4 နဲ့ BA.5 တွေ ပျံ့နှံ့မှုကြောင့် ကူးစက်မှုလှိုင်းအသစ်တွေ ကြုံနေရပါတယ်။

ဆိုလိုတာက ကိုဗစ်-၁၉ ကပ်ရောဂါဟာ လုံးဝစိတ်ချရတဲ့အနေအထားမျိုး မရှိသေးပါဘူး။ ဒါ့အပြင် ကိုဗစ်- ၁၉ ဟာ လူသားတွေအတွက် ပထမဆုံးကပ်ရောဂါ မဟုတ်သလို နောက်ဆုံးကပ်ရောဂါလည်း မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာပဲ တခြားသော ပိုးမွှားတွေဟာ ပုံစံအသစ်၊ နည်းလမ်းအသစ်တွေနဲ့ ခေါင်းထောင်လာပါတယ်။ အထူးသဖြင့် မကြာသေးခင်ကာလတွေထဲ တုပ်ကွေး၊ တီဘီနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ရောဂါတွေ ဖြစ်ပွားမှုမြင့်တက်လာတာ တွေ့ရပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းတွေက တခြားအကျိုးပြုရောဂါပိုးတွေနဲ့ ထိတွေ့မှုတွေကိုပါ လျှော့ချပေးတာကြောင့် လူတွေအနေနဲ့ သဘာဝအလျောက်ရရမယ့် ခုခံစွမ်းအားတွေ လျော့လာပြီး ရောဂါအသစ်တွေ ပေါ်ပေါက်လာဖို့ အခွင့်အလမ်း ပိုများလာတယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

**ကိုဗစ်အလွန် မျောက်ကျောက်အစ**

ဒီလိုအချိန်မှာ မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုတွေ ပေါ်ပေါက်လာတာပါ။ အာဖရိကနိုင်ငံတွေနဲ့ ခရီးသွားရာဇဝင် ဆက်စပ်မှုမရှိဘဲ မျောက်ကျောက်ရောဂါ အခုလို ကူးစက်ပျံ့နှံ့မှုဟာ ကမ္ဘာမှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ဇူလိုင် ၄ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၅၉ နိုင်ငံမှာ မျောက်ကျောက် အတည်ပြုလူနာပေါင်း ၆၀၂၇ ဦးရှိပြီး သေဆုံးသူ သုံးဦးရှိတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်အတွင်း ကူးစက်ခံရသူအရေအတွက် ၇၇ ရာခိုင်နှုန်း မြင့်တက်လာတာပါ။ အများစုက ဥရောပနိုင်ငံတွေကဖြစ်ပြီး အာရှတိုက်မှာတော့ စင်ကာပူနိုင်ငံမှာ လေးဦးနဲ့ တောင်ကိုရီးယားမှာ တစ်ဦး ကူးစက်ခံထားရတယ်လို့ သိရပါတယ်။

အစက မျောက်ကျောက်ဗိုင်းရပ်စ်ဟာ DNA ဗိုင်းရပ်စ်ဖြစ်တာကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်လို မျိုးရိုးဗီဇပြောင်းလဲမှု မမြန်နိုင်ဘူးလို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါပေမဲ့ ကနဦးမျိုးရိုးဗီဇလေ့လာမှုတွေအရ မျောက်ကျောက်ဗိုင်းရပ်စ်ဟာ လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်ကနေ အခုအချိန်အတွင်း မျိုးရိုးဗီဇပြောင်းလဲမှု (Mutation) ပေါင်း ၅၀ လောက်ပြောင်းလဲခဲ့တယ်လို့ သိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကျန်းမာရေး

> **တစ်ခုတည်းသောကျန်းမာရေးဆိုတာဟာ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်ဂေဟစနစ်တွေရဲ့ ကျန်းမာရေးအကြား အကောင်းဆုံး မျှခြေဖြစ်အောင် ရေရှည်ထိန်းသိမ်းနိုင်ဖို့ ရည်ရွယ်ပြီး စုစည်းပေါင်းစပ်ထားတဲ့ ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါတယ်။ ဒီနည်းလမ်းကို အသုံးချနိုင်ဖို့ လူ၊ တိရစ္ဆာန်၊ အပင်နဲ့ သဘာဝပတ်ဝန်းကျင်တို့ရဲ့ ကျန်းမာရေးတွေ နီးကပ်စွာဆက်စပ်နေပြီး အပြန်အလှန် အမှီသဟဲပြုနေတယ်ဆိုတာ နားလည်ဖို့လိုပါတယ်။**

အရေးပေါ် အခြေအနေအဖြစ် ကြေညာသင့်၊ မသင့် မကြာခင်မှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ မပြီးဆုံးသေးတဲ့ ကပ်ရောဂါအဟောင်းနဲ့ ခြိမ်းခြောက်နေတဲ့ ကပ်ရောဂါအသစ်အကြား မမျှော်လင့်နိုင်တဲ့ ဗီဇပြောင်းဗိုင်းရပ်စ် မျိုးကွဲအသစ်တွေကြောင့် ရောဂါကူးစက်ပျံ့နှံ့နှုန်းတွေ၊ သေဆုံးနှုန်းတွေ မြင့်တက်မလာခင် စောင့်ကြည့်ကာကွယ်ထိန်းချုပ်ဖို့ အရေးကြီးလှပါတယ်။

**မဆုံးနိုင်သောကပ်ရောဂါတွေ**

အဆက်မပြတ်ပေါ်ပေါက်နေတဲ့ ကူးစက်ရောဂါတွေရဲ့ ၆၀ ရာခိုင်နှုန်းကျော်ဟာ တိရစ္ဆာန်တွေကနေ ကူးစက်တဲ့ရောဂါတွေဖြစ်ပြီး အဲဒီအထဲက ၇၂ ရာခိုင်နှုန်းလောက်ဟာ တောရိုင်းတိရစ္ဆာန်တွေက စတင်ကူးစက်တယ်လို့ ဆိုပါတယ်။ ၂၀၂၀ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဖြစ် ပျံ့နှံ့လာနိုင်ခြေရှိတဲ့၊ စောင့်ကြည့်ရမယ့်ရောဂါ ၁၀ ခုကို ရွေးထုတ်ကြေညာခဲ့ပါတယ်။ အဲဒီစာရင်းထဲမှာ လက်ရှိကူးစက်ပြန့်ပွားနေတဲ့ မျောက်ကျောက်ရောဂါဟာနောက်ဆုံးကပါ။ သူ့ရှေ့မှာ အီဘိုလာရောဂါ၊ မားဘတ်ရောဂါ၊ Lassa fever ရောဂါ၊ MERS ရောဂါ၊ SARS ရောဂါ၊ Nipah virus ရောဂါ၊ Zika virus ရောဂါ၊ Crimean-Congo haemorrhagic fever ရောဂါ၊ Rift Valley fever ရောဂါတို့ ပါဝင်ပါတယ်။

မကြာသေးခင်ကပဲ ဂါနာနိုင်ငံမှာ အီဘိုလာရောဂါလိုမျိုး သေဆုံးနှုန်းမြင့်မားတဲ့ မားဘတ်ဗိုင်းရပ်စ်ကူးစက်ခံရပြီး လူနှစ်ဦး သေဆုံးခဲ့ပါတယ်။ ဒီလိုမားဘတ်ဗိုင်းရပ်စ် ကူးစက်မှုဟာ ဂါနာမှာ ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အနောက်အာဖရိကဒေသမှာတော့ ဒုတိယမြောက်ကူးစက်မှုဖြစ်ပါတယ်။ မားဘတ်ဗိုင်းရပ်စ်ဟာ လင်းနို့ တစ်မျိုးကနေ စတင်ကူးစက်တာဖြစ်ပြီး ရောဂါကူးစက်ခံရသူနဲ့ တိုက်ရိုက်ထိတွေ့တာ၊ ကိုယ်ခန္ဓာက ထွက်တဲ့ အရည်တွေ၊ မျက်နှာပြင်၊ ပစ္စည်းတွေနဲ့ ထိတွေ့ခြင်းကတစ်ဆင့် ကူးစက်နိုင်ပါတယ်။ အခုလို မားဘတ်ဗိုင်းရပ်စ်ကူးစက်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ဂါနာကျန်းမာရေးဝန်ကြီးဌာနတို့ အနီးကပ်စောင့်ကြည့်ပြီး အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။

**တစ်ခုတည်းသောကျန်းမာရေး**

တစ်ခုတည်းသောကျန်းမာရေးဆိုတာဟာ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်ဂေဟစနစ်တွေရဲ့ ကျန်းမာရေးအကြား အကောင်းဆုံးမျှခြေဖြစ်အောင် ရေရှည်ထိန်းသိမ်းနိုင်ဖို့ရည်ရွယ်ပြီး စုစည်းပေါင်းစပ်ထားတဲ့ ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါတယ်။ ဒီနည်းလမ်းကို အသုံးချနိုင်ဖို့ လူ၊ တိရစ္ဆာန်၊ အပင်နဲ့ သဘာဝပတ်ဝန်းကျင်တို့ရဲ့ ကျန်းမာရေးတွေ နီးကပ်စွာဆက်စပ်နေပြီး အပြန်အလှန် အမှီသဟဲပြုနေတယ်ဆိုတာ နားလည်ဖို့လိုပါတယ်။

Wordometer Website မှာ ဖော်ပြထားချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့မှာ ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၇၉၅၇ ကျော်ရှိတယ်လို့ သိရပါတယ်။ ခန့်မှန်းခြေ တစ်နေ့ကို ကလေးပေါင်း သုံးသိန်းနီးပါး မွေးဖွားနေပြီး လူပေါင်း တစ်သိန်းခွဲနီးပါး သေဆုံးနေတာကြောင့် ခန့်မှန်းခြေ တစ်နေ့လူဦးရေတိုးနှုန်းဟာ တစ်သိန်းခွဲနီးပါးရှိပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်လာတာနဲ့အမျှ နယ်မြေဒေသတွေချဲ့ထွင်နေထိုင်လာရပါတယ်။ ကမ္ဘာကြီးဟာ သစ်တောပြုန်းတီးမှုတွေ၊ မြို့ပြချဲ့ထွင်မှုတွေကြောင့် တစ်နှစ်ထက်တစ်နှစ် ပူနွေးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးယိုယွင်းမှုတွေ၊ မြို့ပြချဲ့ထွင်မှုတွေ၊ တောရိုင်းတိရစ္ဆာန်နဲ့ သစ်တောထွက်ပစ္စည်း တရားမဝင်ရောင်းဝယ်မှုတွေကြောင့် လူနဲ့ တိရစ္ဆာန်အကြား ရောဂါကူးစက်ပျံ့နှံ့ဖို့ အခွင့်အလမ်းတွေများပြားလာပါတယ်။ ဒါ့အပြင် မွေးမြူရေးတိရစ္ဆာန်တွေမှာ ပဋိဇီဝဆေးတွေ မလိုအပ်ဘဲသုံးစွဲတာကြောင့် ဆေးယဉ်ပါးဘက်တီးရီးယားတွေပေါ်ပေါက်လာစေပြီး အဲဒီ တိရစ္ဆာန်တွေကနေ လူတွေဆီ နည်းလမ်းမျိုးစုံနဲ့ ရောက်ရှိလာနိုင်ပါတယ်။

**တစ်သွေးတည်း၊ တစ်သားတည်း**

မျောက်ကျောက်ရောဂါအပါအဝင် တိရစ္ဆာန်တွေကတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ကာကွယ်တားဆီးရေးလုပ်ငန်းတွေမှာ လူသားတွေရဲ့ ကျန်းမာရေးကဏ္ဍ(Human Health) တစ်ခုတည်း ဆောင်ရွက်လို့မရဘဲ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍ (Animal Health)နှင့် ပတ်ဝန်းကျင်ကျန်းမာရေးကဏ္ဍ(Environment Health)တို့ ပူးပေါင်းဆောင်ရွက်တဲ့ တစ်ခုတည်းသောကျန်းမာရေးပုံစံ (One Health Approach)နဲ့ ဆောင်ရွက်မှသာ အနာဂတ်မှာပေါ်ပေါက်လာနိုင်တဲ့၊ တိရစ္ဆာန်ကတစ်ဆင့် ကူးစက်နိုင်တဲ့၊ ကမ္ဘာ့ကပ်ရောဂါကြီးတွေနဲ့ ဒေသအလိုက်ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ရောဂါတွေကို ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

မကြာသေးခင်ကပဲ (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ကပ်ရောဂါများ ပြင်ဆင်တုံ့ပြန်ရာတွင် One Health Approach နည်းလမ်းအသုံးပြုရေး (Promoting One Health Approach to Prepare and Respond to Pandemic) ခေါင်းစဉ်နဲ့ ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးလည်း တက်ရောက်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်မှာတော့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် ၂၀၂၀ ခုနှစ် အာဆီယံနိုင်ငံများ စိုက်ပျိုးရေးနဲ့ သစ်တောရေးရာဝန်ကြီးအဆင့် ဆွေးနွေးပွဲမှာ သဘောတူညီချက်အရ တိရစ္ဆာန်များကျန်းမာရေးနဲ့ တိရစ္ဆာန်ကတစ်ဆင့်ကူးစက်တဲ့ရောဂါတွေ ကာကွယ်တားဆီးရေးစီမံချက်ကို ရေးဆွဲလျက်ရှိပါတယ်။

**တာဝန်ကိုယ်စီရှိကြသည်**

အာဏာပိုင်အဖွဲ့အစည်းတွေ၊ ကျန်းမာရေး၊ တိမွေးကုနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိတဲ့ကဏ္ဍများစွာက ပညာရှင်တွေအနေနဲ့ တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသောကျန်းမာရေးဆိုတဲ့ အခြေခံသဘောတရားကို နားလည်လက်ခံပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူတစ်ဦးချင်းအနေနဲ့လည်း ရေကို ချွေတာသုံးစွဲပြီး ရေအရင်းအမြစ်တွေကို ထိန်းသိမ်းရပါမယ်။

ကိုယ်ပိုင်ယာဉ်အသုံးပြုမှုလျှော့ချပြီး တတ်နိုင်သမျှ အများသုံးယာဉ်တွေ အသုံးပြုပါ။ ဖြစ်နိုင်ရင် စက်ဘီးစီးပါ။ လမ်းလျှောက်ပါ။ စွန့်ပစ်အမှိုက် နည်းနိုင်သမျှ နည်းအောင် Reduce၊ Reuse၊ Recycle နည်းလမ်းတွေအသုံးပြုပါ။

စွန့်ပစ်အမှိုက်တွေကို မြေဩဇာအဖြစ် အသုံးချပါ။

လျှပ်စစ်မီးနဲ့ တခြားစွမ်းအင်တွေကို ချွေတာပြီး အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲပါ။

တစ်ပိုင်တစ်နိုင် သီးပင်စားပင်တွေ၊ အရိပ်ရပင်တွေ စိုက်ပျိုးပါ။

သဘာဝအသီးအနှံတွေကို စားသုံးပြီး အသားနဲ့ တာရှည်ခံအစားအသောက်တွေ စားသုံးတာလျှော့ပါ။

ပလတ်စတစ်အသုံးပြုမှုလျှော့ပါ။

တိရစ္ဆာန်ကနေ ကူးစက်တဲ့ရောဂါတွေ ကာကွယ်ဖို့ အသားငါးတွေကို ကျက်အောင် ချက်ပြုတ်စားသောက်ပါ။

တောရိုင်းတိရစ္ဆာန်တွေနဲ့ ထိတွေ့တာရှောင်ကြဉ်ပြီး အိမ်မွေးတိရစ္ဆာန်တွေရှိရင်လည်း ကာကွယ်ဆေးထိုးနှံပြီး စနစ်တကျ မွေးဖို့လိုပါတယ်။

တောရိုင်းတိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အိမ်မွေးတိရစ္ဆာန်ပဲဖြစ်ဖြစ် ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနဲ့ သေချာ ဆေးကြောသန့်စင်ရပါမယ်။

ကျွန်တော်တို့အနေနဲ့ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်တို့ရဲ့ တစ်ခုတည်းသော ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ခုတည်းသောကမ္ဘာကို တည်ဆောက်နိုင်ဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

# နိုင်ငံအဆင့်ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသော နိုင်ငံအဆင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအဖွဲ့ (National Tourism Professional Board–NTPB) နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ (Tourism Professional Certification Board–TPCB) ၏ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်သည်။

### ကျွမ်းကျင်မှုစံနှုန်းများသတ်မှတ်သွားမည်

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ဧည့်ကြို၊ အိပ်ခန်းဆောင်အကူ၊ မုန့်ဖုတ်၊ စားပွဲထိုး၊ ခရီးလှည့်လည်လုပ်ငန်းအကြံပေးနှင့် လက်မှတ်အရောင်းမန်နေဂျာစသည့် ဟိုတယ်နှင့် ခရီးလှည့်လည်ရေးအလုပ်အကိုင်ခြောက်မျိုးအတွက် Qualification Level အလိုက် အာဆီယံ၏ သတ်မှတ်သင်ရိုးညွှန်းတမ်းစုဖွဲ့မှု လမ်းညွှန်ချက်များနှင့်အညီ ကျွမ်းကျင်မှုစံနှုန်းများကို အတည်ပြု သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း သင်တန်းသားများ၏ ကျွမ်းကျင်မှုများကို သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးအကဲဖြတ်ကာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ဟိုတယ်နှင့် ခရီးလှည့်လည်ရေးလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းကို စိတ်ပါဝင်စားသည့် လူငယ်လူရွယ်များနှင့် အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်၍ MRA–TP အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအဆင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ အဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းအားဖြည့် ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ NTPB နှင့် TPCB အဖွဲ့များ၏ ဥက္ကဋ္ဌဖြစ်သော ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ASEAN MRA–TP အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ရှေ့ဆက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ် အသေးစိတ်ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး အလုပ်အကိုင် ခြောက်မျိုးအလိုက် Functional Competency များ သတ်မှတ်ခြင်းနှင့် ကျွမ်းကျင်မှုများ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ၊ National Trainers နှင့် National Assessors များအတွက် လိုအပ်သည့်မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့ဝင်များက အဆိုပြုတင်ပြခဲ့ကြသည့်အပေါ် တက်ရောက်လာသည့် NTPB နှင့် TPCB အဖွဲ့ဝင်များက အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

### ဆွေးနွေးအတည်ပြု

ယခုအစည်းအဝေးသည် ယခင်ညှိနှိုင်း ဆွေးနွေးအတည်ပြုခဲ့သည့် ဦးစားပေးအလုပ်အကိုင်ခြောက်မျိုးအတွက် အာဆီယံ၏ သတ်မှတ်သင်ရိုးညွှန်းတမ်းစုဖွဲ့မှု လမ်းညွှန်ချက်များနှင့်အညီ ကျွမ်းကျင်မှုစံနှုန်းများကို အတည်ပြုသတ်မှတ်ရန်၊ ASEAN MRA–TP ၏ လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းရန်၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးအတွက် National Trainers နှင့် National Assessors များ စုစည်းရေးနှင့် လိုအပ်သည့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျူဒိုဒိုင်လူကြီးနှင့် နည်းပြမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၁၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျူဒိုဒိုင်လူကြီးနှင့် နည်းပြမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ကြသည်။

### လေ့ကျင့်ဆောင်ရွက်

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က သင်တန်းမှ မိမိတို့သင်ကြားတတ်မြောက်ခဲ့သည်များကို လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးခြင်းဖြင့် အားကစားသမားများ၏ အားကစားအရည်အသွေး တိုးတက်မြင့်မားလာမည်ဖြစ်ပြီး ထူးချွန်ထက်မြက်၍ အရည်အချင်းရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း၊ ဂျူဒိုအားကစားနည်းဖြင့် ရှေ့လာမည့်နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်စေရန် နည်းပြများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဖြင့် ဆတက်ထမ်းပိုး ဆက်လက် ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းရှိ သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ၁၀ ဦးကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ KODOKAN JUDO INSTITUTE နည်းပြသင်တန်းများ တက်ရောက်အောင်မြင်ထားသည့် နည်းပြဆရာများက ဇူလိုင် ၁၁ရက်မှ ၂၂ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပလျက်ရှိသော ၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၁၁

မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုးချဲ့ခန်းမဆောင်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

### တိုးမြှင့်တင်ပို့နိုင်ရေး

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်ဝင်ရောက်နိုင်ရေး အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ–ရုရှား နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၀ ကျော်သာရှိသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ရေး နှစ်နိုင်ငံလုံးမှ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍပိုင်းမှလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း အစရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့တင်ပို့ရန် အလားအလာရှိသော ကုန်စည်များအဖြစ် ဈေးကွက်သစ်ချဲ့ထွင် တင်ပို့သွားနိုင်ရေးအပေါ် တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ တင်ပို့ကုန်စည်များနှင့်ပတ်သက်၍ လက်ရှိ နှစ်နိုင်ငံ ကုန်သွယ်မှုဆောင်ရွက်နေသည့် အခြေအနေများနှင့် အခက်အခဲများ၊ ကုန်သွယ်မှု တိုးမြှင့် ဆောင်ရွက်နိုင်မည့် အလားအလာများနှင့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

အစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန် တင်ပို့လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လာရောက်ရခြင်းရည်ရွယ်ချက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများက စစ်ကိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မိမိတို့ တာဝန်ယူဆောင်ရွက်နေသောလုပ်ငန်းများနှင့် သက်ဆိုင်သောလုပ်ငန်းများအား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များကို လည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ရောက်ရှိရာ ပါမောက္ခချုပ်နှင့် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများကိုလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ငွေကျပ်ငါးသိန်းစီကို ပေးအပ်ခဲ့သည်။



**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ NTT အထပ်သားစက်ရုံသို့ရောက်ရှိရာ စက်မှုဇုန်ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က စစ်ကိုင်းစက်မှုဇုန်အတွင်း စက်ရုံများ၏ လည်ပတ်လုပ်ဆောင်နေမှုအခြေအနေ၊ ကုန်ကြမ်းပစ္စည်းရရှိမှု၊ ကုန်ချောပစ္စည်းထုတ်လုပ်နိုင်မှု၊ စက်ရုံလုပ်သားများအား ထောက်ပံ့ဆောင်ရွက်ပေးနေမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း အထပ်သားများ ထုတ်လုပ်ဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ငွေထည်နှင့် ကြေးထည် လက်မှုလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရောဝတီတံတား(ရတနာပုံ)နှင့် ရန်ကုန် - မန္တလေးအမြန်လမ်းရှိ မီနီတိုးဂိတ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပညာ့ဝတီအိမ်ရာစခန်းသို့ သွားရောက်ပြီး ဝန်ထမ်းများ၏နေထိုင်ရေး အဆင်ပြေစေရေး လိုအပ်ချက်များကို မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၆)မှ တာဝန်ယူဆောင်ရွက်နေသည့် ကန်တော်နဒီဆေးရုံ တိုးချဲ့လေးထပ်လူနာဆောင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကာ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ လက်ရှိဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ၂၀၂၂ - ၂၀၂၃ ခုနှစ် ဆောင်ရွက်ရမည့် လျာထားချက်လုပ်ငန်းများကို စီမံချက်ပါအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ လက်ရာသေသပ်ကောင်းမွန်ရေး ဂရုပြုရန်နှင့် ရေ၊ မီး၊ မိလ္လာ လုပ်ငန်းများ ဟန်ချက်ညီ တစ်ပြိုင်နက် ပြီးစီးရေး ဆောင်ရွက်ရန်မှာကြားပြီး ကန်တော်နဒီဆေးရုံဆောက်လုပ်နေသည့် အဆောက်အအုံအထပ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) တံတားကြံ့ခိုင်မှု အခြေအနေကို စစ်ဆေးပြီး ဒုတိယဝန်ကြီးက တံတားကြံ့ခိုင်မှု အခြေအနေများနှင့်ပတ်သက်၍ သတ်မှတ်ခံနိုင်ဝန် တန် ၆၀ ထက် ပိုမိုတင်ဆောင်သည့် စည်းကမ်းမဲ့တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှု မရှိစေရေး၊ ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှု၊ တံတားရေလယ်တိုင်များ ရေတိုက်စားမှု အခြေအနေများကို စဉ်ဆက်မပြတ်စောင့်ကြည့်ကာ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

**လေလွင့်မှုမရှိစေရေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထုံးဘို - မြစ်ငယ်ဖြတ်လမ်းမှ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးသို့ ဝင်ရောက်သည့် အိုးထုတ်တန်း မီနီတိုးဂိတ်သို့ရောက်ရှိရာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ခရီးသွားယာဉ်များ ဖြတ်သန်းသွားလာမှုနှင့် လမ်းအသုံးပြုခ ကောက်ခံနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နေ့စဉ်ယာဉ်သွားလာမှု ယာဉ်စီးရေများအတိုင်း လမ်းအသုံးပြုခကောက်ခံရာတွင် လေလွင့်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားပုံပြင်၊ ပုံပြင်စာအုပ်များ ပေးအပ်

**ဘားအံ ဇူလိုင် ၁၁**

တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ပုံနှိပ်ထုတ်ဝေထားသော တိုင်းရင်းသားပုံပြင်၊ ပုံပြင်စာအုပ်များကို ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများထံ ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ကရင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကိုက စာပေနှင့် ယဉ်ကျေးမှုအသင်းများ အနေဖြင့် မိမိတို့တိုင်းရင်းသားများ နေထိုင်ကြသည့် နေရာဒေသအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဖြန့်ဝေပေးကြစေလိုကြောင်း၊ သို့မှသာ တိုင်းရင်းသား ကလေးငယ်များသည် တိုင်းရင်းသားဘာသာကို လေ့လာသင်ယူရာတွင် ပိုမိုထိရောက်အောင်မြင်မည် ဖြစ်သကဲ့သို့ အခြားတိုင်းရင်းသားဘာသာများကိုလည်း လေ့လာသင်ယူနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်မှ တိုင်းရင်းသားစာပေများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းချိန်အတွင်း သင်ကြားခွင့်ပြုထားသကဲ့သို့ တိုင်းရင်းသားစာပေသင်ကြားရေးအတွက် လိုအပ်သည့် ဆရာ ဆရာမများကိုလည်း ခန့်ထားပေးလျက်ရှိပြီး တိုင်းရင်းသားဘာသာ ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အခမ်းအနားများ၊ နေ့ထူးနေ့မြတ် အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေများကို နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကို၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်နယ်တာဝန်ခံတို့က ပိုးကရင်စာအုပ် ၁၄၆၆၀၊ စကောကရင်စာအုပ် ၁၀၃၃၀၊ မွန်စာအုပ် ၃၂၀၀ နှင့် ဗမာစာအုပ် ၄၄၈ အုပ် စုစုပေါင်းစာအုပ် ၂၈၆၃၈ အုပ်ကို သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းများကိုယ်စား ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစောချစ်သန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ထိ တိုင်းရင်းသားဘာသာပုံပြင်၊ ပုံပြင်စာအုပ် ၈၅၉၁၄ အုပ် ထောက်ပံ့ပေးနိုင်ခဲ့ကာ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့ပူးပေါင်းပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြည်နယ်အတွင်း တိုင်းရင်းသားဘာသာပြ ဆရာ ဆရာမ ၅၉ ဦးကို ခန့်အပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချောင်းသာကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး စကားဝိုင်းဆွေးနွေး



**ပုသိမ် ဇူလိုင် ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ချောင်းသာမြို့ AZURA HOTEL ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဗဟိုစာရင်းအင်းဦးစီးဌာန၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ချောင်းသာ)ဇုန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီက ချောင်းသာကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းအား ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းသာမြို့ရှိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် School Cum Shelter ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းဦးစီးဌာနမှ ငရုပ်ကောင်း- ငွေဆောင်- ရွှေသောင်ယံ- မကျီးစင်- ကျောက်ချွန်-ဂွ ကားလမ်းအား ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေသောင်ယံမြို့ရှိ ပုသိမ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံ သုတေသနနှင့် လေ့ကျင့်ရေးစခန်းသို့သွားရောက်၍ အုန်းပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ပြီး အဏ္ဏဝါသိပ္ပံဌာန ရှင်းလင်းဆောင်တွင် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ အဏ္ဏဝါသိပ္ပံဌာန၊ ဓာတုဗေဒဌာန၊ ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာနတို့မှ ပါမောက္ခ/ဌာနမှူးများက ပုစွန်သားပေါက်၊ ငါးသားပေါက် မွေးမြူနိုင်ရေး၊ ပင်လယ်မှော်၊ ပင်လယ်မြက်၊ လမုပင် စသည်တို့မှ အဏုဇီဝပိုးထုတ်လုပ်၍ ပိုးမွှားအန္တရာယ် ကာကွယ်နိုင်ရေး၊ ပင်လယ်ရေမှော်များတွင် အိုင်အိုဒင်းပါဝင်မှု သိရှိနိုင်ရေးနှင့် ကဏန်းအသား အာဟာရတန်ဖိုးမြှင့်တင်နိုင်ရေး လေ့လာသုတေသနပြုဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သုတေသနပြု လေ့လာမှုများမှ ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် လက်တွေ့အသုံးပြု အကောင်အထည်ဖော်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက် တပ်ကျောင်းများနှင့် အခြေခံပညာကျောင်းများ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း နှင့် ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ လိုအပ်သည့်အချက်အလက်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ထည့်သွင်း ဆွေးနွေးလိုသည့် အချက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ အခြေခံပညာကျောင်းများတွင် ဒီမိုကရေစီ သဘောတရားများနှင့် ပတ်သက်၍ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပေးနိုင်မှု၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ နိုင်ငံချစ်စိတ်နှင့် နိုင်ငံတော်အပေါ် ကာကွယ်စောင့်ရှောက်လိုစိတ်များ မွေးမြူနိုင်စေရေး၊ ကျောင်းသားဗဟိုပြု သင်ကြားခြင်းနှင့် စာကြည့်တိုက်များ၏ အရေးပါမှု၊ KG+12 ပညာရေးစနစ်သစ်အရ အထက်တန်းအဆင့် တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ အတန်းပညာပြီးမြောက်မှုအတွက် စာမေးပွဲဖြေဆိုရမှုနှင့် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ရာတွင် ဆောင်ရွက်ရမည့်အခြေအနေ၊ ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်းလိုအပ်ချက်များ ဆောင်ရွက်ထားရှိမှု၊ သင်ရိုးဟောင်းပညာရေးစနစ်မှ သင်ရိုးသစ်(KG+12) ပညာရေးစနစ်သစ်သို့ ပြောင်းလဲသင်ကြားပေးရာတွင် အားနည်းချက်/ အားသာချက်များနှင့် အကျိုးကျေးဇူးများ၊ အခြေခံပညာ အထက်တန်း ပြီးမြောက်ကြောင်းလက်မှတ် (Completion Certificate) ၏ အခွင့်အလမ်းများ၊ တက္ကသိုလ်ဝင် စာမေးပွဲကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (ပြင်ပဖြေ) တွင် တစ်ကြိမ်ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ယင်းနှစ်တွင် ကျရှုံးသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ယူမှု အခွင့်အလမ်းများနှင့် အသက်မွေးမှုဆိုင်ရာဆောင်ရွက်မှုများ စသည့် ခေါင်းစဉ်များအလိုက် အကျယ်တဝင့်ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက တက်ရောက်ဆွေးနွေးပေးခဲ့သော ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။



**သတင်းစဉ်**

## ဝါဆိုလပြည့် ဗုဒ္ဓနေ့

✻ ဝါဆိုလပြည့်၊ ဗုဒ္ဓနေ့မှာ
ထူးပေ့တွေဖြာ၊ သန္ဓေခါနှင့်
တောမှာထွက်လျက်၊ ဓမ္မစက်နှင့်
တစ်ချက်ပြာဋိဟာ၊ ပြခဲ့ပါသည်
ဘာသာမှတ်တိုင် စိုက်ထူနိုင်။
ဖြစ်ခဲတုနိုင် လမြတ်ပြိုင်။

✻ ဝါဆိုလပြည့်၊ ဗုဒ္ဓနေ့ဝယ်
ချမ်းမြေ့စဖွယ်၊ လရောင်ခြယ်၍
ထည်ဝါရောင်စင်၊ မြေမှာလွင်သည်
နေဝင်ထွက်လ၊ ချိန်ကာလတွင်
ဘုရားအဖြစ် ဝန်ခံလှစ်။
တရားအစစ် ညွှန်ပြန်သစ်။

✻ ဘုရားအဖြစ်၊ ဝန်ခံစဉ်တွင်
ပဉ္စဝဂ္ဂီ၊ ငါးဦးမည်အား
ရှင်းပြီမြွက်ကြား၊ ထိုတရားမှာ
ဘုရားတိုင်းမှ၊ ဟောကြားပြသည့်
ဓမ္မစကြာ တရားလွှာ။
မိဂဒါဝုန်မှာ ဟောကြားတာ။

✻ ထိုသို့ဟောကြား၊ မြတ်တရားတွင်
တရားအစစ်၊ ဓမ္မနှစ်ပင်
သစ္စာလေးပါး၊ ထင်လင်းကြားကာ
ရှစ်ပါးမဂ္ဂင်၊ မဂ်ဉာဏ်ထင်၍
ရှင်များသောတပန် မဂ်ဖိုလ်ထံ။
တရားထူးလျှံ ပြည်နိဗ္ဗာန်။

✻ တရားအစ၊ သံဃာစ၍
ထိုမှတစ်ဖန်၊ ပြည်နိဗ္ဗာန်သို့
ရောက်ပြန်ဖြစ်ခြင်း၊ ပထမချဉ်းမို့
ကောင်းခြင်းဝေဖြာ၊ လောကသာသည်
ဝါဆိုလမြတ်၊ ထိန်လင်းအပ်ကာ
ဝင်းပတ်လဖြာ၊ ထိုအရာနှင့်
လောကာထိန်ဝင်း၊ ထိုအချင်းတို့
ဘယ်သင်းကဖြာ လင်းလေတာ။
ဘယ်အချင်းကသာ ဝင်းပေရာ။ ။

ဇန်ညို

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၇-၆-၂၀၂၂ ရက်နေ့မှအဆက်)

### နှစ်ပြည်ထောင်မင်းသား(၅၀၀) ရဟန်းပြုတော်မူခြင်း

ဤသို့ဖြင့် နှစ်ပြည်ထောင်မင်းတို့သည် အချင်းချင်းညီညွတ်၍ ဘုရားရှင်အား ကြည်ညို လေးစားကြပါသည်။ ထို့ကြောင့် နှစ်ပြည်ထောင်မင်းများသည် အချင်းချင်းတိုင်ပင်လျက် ဘုရားထံသို့ တစ်ပြည်ထောင် မင်းသား ၂၅၀ စီဖြင့် ရဟန်းပြုရန် စေလွှတ်စေသည်။

ဘုရားရှင်သည် ဖေါ်ဘိက္ခုဟု ခေါ်လိုက်ရာ မင်းသား ၅၀၀ သည် လူအသွင်ပျောက်၍ ရဟန်းအသွင်ဖြစ်ကြလေသည်။ ကပိလဝတ်ပြည်အနီး မဟာဝုန်တောသို့ ဘုရားရှင်သည် ဤရဟန်း ၅၀၀ ဖြင့် ကြွသွားလေသည်။ နောက်တစ်နေ့နံနက်တွင် ဘုရားရှင်သည် ဤရဟန်း ၅၀၀ ခြံရံလျက် ရှံခါ ကပိလဝတ်ပြည်နှင့် ရှံခါကောလိယပြည်တို့၌ ဆွမ်းခံကြွတော်မူသည်။ နှစ်ပြည်ထောင် လူအများကလည်း ဘုရားရှင်အား ကြီးစွာသော ပူဇော်သက္ကာရ ပြုကြလေသည်။

ထိုမင်းသားတို့သည် သူတို့အလိုဆန္ဒမပါဘဲ ရဟန်းပြုကြသူများဖြစ်ကြသဖြင့် သာသနာတော်၌ မပျော်မွေ့ဘဲ ငြီးငွေ့နေကြပါသည်။ ထို့အပြင် ထိုရဟန်းတို့၏ မယားအဟောင်းများက မြူဆွယ်သောစကားကို ပို့ကြသဖြင့် ပို၍ပင် သာသနာတော်၌ မပျော်ပိုက်ဘဲ ငြီးငွေ့နေကြပါသည်။ ဘုရားရှင်သည် ထိုရဟန်းတို့၏ အကြံအစည်ကို အမြဲမပြတ် ကြည့်ရှုသုံးသပ်နေသဖြင့် သိတော်မူသည်။ ထို့ကြောင့် နံနက်ခါ၌ ရဟန်းတို့အား ကပိလဝတ်ပြည်၌ ဆွမ်းခံကြွတော်မူသည်။ ဆွမ်းကိစ္စပြီးသောအခါ မွန်းလွဲပိုင်းတွင် ဘုရားရှင်သည် ထိုရဟန်းတို့ကို ဟိမဝန္တာတောသို့ ကောင်းကင်မှပင် တန်ခိုးဖြင့် ခေါ်ဆောင်သွားလေသည်။ ကောင်းကင်မှ ဟိမဝန္တာအရပ်၌ တောင်အမျိုးမျိုး၊ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်၊ အိုင်ကြီးခုနစ်အိုင်၊ သစ်ပင်ပန်းပင်အဖြာဖြာတို့ဖြင့် သာယာဖွယ်တို့ ပြလေသည်။ ထိုရဟန်းတို့သည် ဤသို့ သာယာကြည်နူးဖွယ် မွေ့လျော်ဖွယ်တို့ကို မြင်ရသဖြင့် မယားဟောင်းတို့အပေါ် စွဲလမ်းသည့်ရာဂများ ကင်းပျောက်လေသည်။

ထို့နောက် ဟိမဝန္တာတောင် အနောက်ဘက်ရှိ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာကြီးပေါ်၌ သက်ဆင်းတော်မူလေသည်။ ယင်းကာလ၌ ဥဩငှက်ပျိုမနှစ်ကောင်သည် တုတ်တစ်ချောင်းကို အစွန်းတစ်ဖက်စီကိုက်၍ တုတ်အလယ်၌ သူတို့



အရှင်သခင် ဥဩငှက်မင်းကို ထိုင်စေလျက် ရှေ့နောက်ဝဲယာ၊ ထက်အောက် ဥဩများခြံရံကာ ပျံနေကြလေသည်။ ထိုသို့အဖြစ်ကို ရဟန်းများ မြင်၍ ဘုရားရှင်အား လျှောက်ထားမေးမြန်းကြလေသည်။

ဘုရားရှင်က ဤဥဩငှက်များ ထိုသို့ အရှင်သခင် ဥဩငှက်မင်းကို သယ်ဆောင်ပြုစုဖျော်ဖြေနေကြခြင်းသည် ကုဏာလမည်သော ဥဩမင်းဖြစ်စဉ်က ဤသို့ အစဉ်အလာဖြစ်ကြောင်း အစချီလျက် မိန်းမတို့၏ ယုတ်မာပုံ၊ ကျေးဇူးကန်းတတ်ပုံ၊ ကာမဂုဏ်တောင့်တပုံတို့ကို ကုဏာလငှက်မင်းအကြောင်း မဟာကုဏာလဇာတ်တော်ကို အကျယ်တဝင့်ဟောကြားလေသည်။

ဘုရားရှင်က ဟောကြားသည့် ဒေသနာတော်အဆုံး၌ ရဟန်း ၅၀၀ တို့သည် သောတာပန်ဖြစ်သွားကြသည့်အပြင် ဈာန်တန်ခိုးပင် ရကြလေသည်။ ထို့နောက် ဘုရားရှင်သည် ထိုရဟန်း ၅၀၀ တို့နှင့်အတူ ဈာန်ဖြင့် ကောင်းကင်ခရီးမှ မဟာဝုန်တောသို့ ပြန်လည်ကြွ၍ သက်ဆင်းကြလေသည်။ ထိုမဟာဝုန်တော၌ ဘုရားရှင်သည် ဤရဟန်း ၅၀၀ အား အထက်မဂ်ဖိုလ်ရစေရန် ကမ္မဋ္ဌာန်းတရားတော်ကို ဟောကြားလေသည်။ ထိုရဟန်းတို့သည် ဘုရားပေးသည့် ကမ္မဋ္ဌာန်းတရားတို့ကိုတရားအားထုတ်ကြလေသည်။ ၎င်းတို့သည် သောတာပန်ဖြစ်ပြီးသူများဖြစ်၍ ယင်းနေ့ညတွင်ပင်အားလုံး ရဟန္တာဖြစ်ကြလေသည်။

### မဟာသမယသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်သည် အချိန်ရှိသမျှ အသုံးချလျက် ရှိပါသည်။ နှစ်ပြည်ထောင်ရဟန်းများကို ကမ္မဋ္ဌာန်းတရား ဟောကြားပြီးနောက် ဘုရားရှင်သည် ဤသို့ ဆင်ခြင်တော်မူသည်။ ညနေချိန်တွင် ၎င်းရဟန်းများ ရဟန္တာများဖြစ်၍ သူ့ထံသို့လာလတ္တံ့. နောက် "စကြဝဠာတိုက်တစ်သောင်းအတွင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် အစည်းအဝေးရောက်လာပြီး (မဟာသမယ) ဖြစ်လတ္တံ့."ဟု ဆင်ခြင်တော်မူလေသည်။ ဘုရားရှင်သည် ဆိတ်ငြိမ်ရာအရပ်၌ ရေထိုင်ချယူပြီး ဖလသမာပတ် ဝင်စားတော်မူလေသည်။

ရဟန်းငါးရာတို့ကလည်း ညနေချိန်တွင် ရဟန္တာဖြစ်ပြီး မရှေးမနှောင်းပင် မိမိရအပ်သော ကျေးဇူးတရားကို လျှောက်ထားရန်အတွက် ဘုရားရှင်ထံသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြကုန်သည်။ ဤသို့ သက္ကတိုင်း ကပိလဝတ်ပြည် ညချမ်းချိန်ခါ ဖြစ်လေသည်။

ထိုအချိန်၌ မဟာဝုန်တောပတ်ဝန်းကျင်၌ နေထိုင်ကြကုန်သော နတ်အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် လှုပ်ရှားမှုဖြစ်၍ ဘုရားရှင်ထံသို့ လာရောက်ဖူးမြော်ကာ စုဝေးကြကုန်သည်။ ဤသို့ တစ်ဆင့်ပြီးတစ်ဆင့် ကြားရသော နတ်ဗြဟ္မာအပေါင်းသည် စကြဝဠာတိုက်တစ်သောင်းမှ ဘုရားရှင်အား လာရောက်ဖူးမြော် စုဝေးကြကုန်သည်။

ဘုရားရှင်သည် ရဟန်းအပေါင်းတို့အား လူ၊ နတ်၊ ဗြဟ္မာ အစည်းအဝေးဖြစ်သကဲ့သို့ ရှေ့ဘုရားရှင်များ လက်ထက်ကလည်း ဤသို့ ဖြစ်ကြရပါသည်။ နောက်ပွင့်ကြမည့် ဘုရားရှင်တို့သည် ဤသို့ပင် နတ်၊ ဗြဟ္မာအစည်းအဝေးဖြစ်လတ္တံ့.ဟူ၍ မိန့်တော်မူလေသည်။ ဤသို့နတ်ဗြဟ္မာ မဟာသမယ အစည်းအဝေးကြီး၌ ဘုရားရှင်သည် တန်ခိုးကြီးသော နတ်၊ ဗြဟ္မာတို့၏ အမည်အနွယ်တို့ကိုသာ ထုတ်ဖော်ဟောကြားပေလိမ့်မည်။ တန်ခိုးနည်းပါးသော နတ်၊ ဗြဟ္မာတို့၏ အမည်အနွယ်တို့ကို ထုတ်ဖော်ဟောကြားမည်မဟုတ်၍ နတ်၊ ဗြဟ္မာတို့သည် ကြံစည်မိကြလေသည်။ ဘုရားရှင်သည် ၎င်းတို့၏ အကြံအစည်ကို သိတော်မူ၍ တန်ခိုးကြီးကြီး တန်ခိုးနည်းနည်း နတ်၊ ဗြဟ္မာဟူသမျှ အားလုံးကို အမည်အမျိုးနွယ်တို့အား အပြည့်အစုံဟောကြားမည်ဟု ကြံစည်ဆုံးဖြတ်တော်မူပါသည်။

ထိုအခါ၌ ဘုရားရှင်သည် ကျွတ်ထိုက်သူ၊ မကျွတ်ထိုက်သူဟူ၍ နှစ်ခုခွဲခြားကာ ဆင်ခြင်သိမြင်တော်မူပြီးဖြစ်ပါသည်။ ဤကျွတ်ထိုက်သူများတွင် မည်မျှသည် ရာဂ၊ ဒေါသ၊ မောဟ၊ ဝိတက်၊ သဒ္ဓါ၊ ပညာဟူ၍ စရိုက်အသီးသီးရှိကြောင်းကိုလည်း ခြောက်ခုပြုကာ ပိုင်းခြားဆင်ခြင် သိမြင်တော်မူလေသည်။

ထို့နောက် ထိုစရိုက်ခြောက်ပါး အသီးသီး အားလျော်စွာ မည်သည့်တရားဒေသနာကို ဟောကြားသင့်ကြောင်း ဆင်ခြင်သုံးသပ်၍ တရားဟောနည်းလေးမျိုးအနက် တစ်ဦးကမေး၊ တစ်ဦးကဖြေဟူသော (ပုစ္ဆာဝသိက) တရားဟောနည်းဖြင့် ဟောမှသာ ကျွတ်တမ်းဝင်ကြမည်ကို ဘုရားရှင်က ဆင်ခြင်သိမြင်တော်မူလေသည်။

ဤသို့ တစ်ဦးကမေး တစ်ဦးကဖြေ စရိုက်အလိုက်မေးနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ဘုရားရှင်က သိတော်မူသည်။ ထို့ကြောင့် ဘုရားရှင် နိမ္မိတရုပ်ဘုရားတစ်ဆူကို ဖန်ဆင်း၍ မေးစေပြီး ဘုရားရှင်ကိုယ်တော်တိုင်က အမေးကို ဖြေကြားရန် စီစဉ်ပြီး နိမ္မိတဘုရားရှင်တစ်ဆူကို ဘုရားရှင်က ဖန်ဆင်းတော်မူသည်။

နိမ္မိတရုပ်ပွားတော် ဘုရားရှင်သည် ပေးထားသောနေရာတွင် ဘုရားရှင်နှင့် မျက်နှာချင်းဆိုင်ထိုင်တော်မူလေသည်။ ဤသို့သော ဘုရားရှင်နှစ်ပါးကို နတ်၊ ဗြဟ္မာအပေါင်းတို့သည် တအံ့တဩဖြင့် ဖူးမြော်ကန်တော့ကြလေသည်။ ဘုရားရှင်သည် မဟာသမယသုတ္တန်ကို ဟောတော်မူလေသည်။ နတ်၊ ဗြဟ္မာအပေါင်းကလည်း ဤသုတ်တော်ကို နှစ်သက်မြတ်နိုးကြကုန်သည်။

ထိုမဟာသမယသုတ္တန်တော်ကို ဟောကြားပြီးနောက် ဘုရားရှင်သည် နတ်၊ဗြဟ္မာအပေါင်းတို့၏ စရိုက်ခြောက်ပါးကို တစ်ပါးစီအလိုက် မေးတော်မူ၍ ဘုရားရှင်ကိုယ်တော်တိုင် ဖြေကြားဟောတော်မူလေသည်။ ထိုအခါ၌ ထိုစရိုက်ခြောက်ပါးအနက် တစ်ပါးစီရှိကြသော များပြားစွာသော နတ်၊ ဗြဟ္မာအပေါင်းတို့ အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။ အောက်မဂ်ဖိုလ်သုံးပါးအသီးသီးရကြသော နတ်၊ ဗြဟ္မာအပေါင်းတို့သည်လည်း မရေတွက်နိုင်အောင် များပြားလှကုန်သည်။

### သုဒ္ဓေါဒနမင်းကြီးသည် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည် မဟာဝုန်တော၌ ရဟန္တာငါးရာ အစည်းအဝေးတွင် နတ်၊ ဗြဟ္မာအပေါင်းတို့အား မဟာသမယသုတ္တန်နှင့်တကွ တရားတော်ကို ဟောကြားခဲ့ပါသည်။ ဤသို့ ဟောကြားပြီးနောက် ဘုရားရှင်သည် ကပိလဝတ်ပြည်မှ ငါးဆယ့်တစ်ယူဇနာဝေးသော ဝေသာလီပြည်သို့ ရဟန်းအပေါင်းခြံလျက် ကြွတော်မူသည်။ မြို့၏တောင်ဘက် တစ်ဂါဝုတ်အကွာတွင်ရှိသော မဟာဝုန်တောကြီး၌ စုလစ်မွမ်းချွန် အထွတ်တပ်ထားသော "ကူဋ္ဌာဂါရ" ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသည်။

ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဘုရားရှင်ထံသို့ လာရောက်ပြီး ပစ္စည်းလေးပါးဖြင့် ပင့်ဖိတ်၍ ဤအရပ်၌ (ဝါကပ်) သီတင်းသုံးတော်မူရန် လျှောက်ထားကြပါသည်။ ပြည်သူပြည်သားအပေါင်းကလည်း ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းကန်ဇရပ်၊ မဏ္ဍပ်ကန္နား၊ တရားသဘင်တို့ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းရာ ဥမင်တို့ကိုလည်းကောင်း ပြုပြင်လှူဒါန်းကြကုန်သည်။

ဘုရားရှင်သည် မဟာဝုန်တော၌ "ကူဋ္ဌာဂါရ" ကျောင်းတော်တွင် သီတင်းသုံးတော်မူနေစဉ် ကပိလဝတ်ပြည်မှ အမတ်တစ်ဦးလာရောက်၍ ဘုရားရှင်အား သုဒ္ဓေါဒနမင်းကြီး ကျန်းမာရေးချို့ယွင်း၍ အပြင်းအထန်ဖျားနာနေကြောင်း မင်းကြီးက သားတော်ကိုပင့်ဖိတ်၍ လာရောက်ကြောင်း လျှောက်ထားလေသည်။ စာမျက်နှာ ၁၁ သို့ *

ဘုရားရှင်ကဟောကြားသည့် ဒေသနာတော်အဆုံး၌ ရဟန်း ၅၀၀ တို့သည် သောတာပန်ဖြစ်သွားကြသည့်အပြင် ဈာန်တန်ခိုးပင် ရကြလေသည်။ ထို့နောက် ဘုရားရှင်သည် ထိုရဟန်း ၅၀၀ တို့နှင့်အတူ ဈာန်ဖြင့် ကောင်းကင်ခရီးမှ မဟာဝုန်တောသို့ ပြန်လည်ကြွ၍ သက်ဆင်းကြလေသည်။ ထိုမဟာဝုန်တော၌ ဘုရားရှင်သည် ဤရဟန်း ၅၀၀ အား အထက်မဂ်ဖိုလ်ရစေရန် ကမ္မဋ္ဌာန်းတရားတော်ကို ဟောကြားလေသည်။ ထိုရဟန်းတို့သည် ဘုရားပေးသည့် ကမ္မဋ္ဌာန်းတရားတို့ကို တရားအားထုတ်ကြလေသည်။ ၎င်းတို့သည် သောတာပန်ဖြစ်ပြီးသူများဖြစ်၍ ယင်းနေ့ညတွင်ပင် အားလုံး ရဟန္တာဖြစ်ကြ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✻ စာမျက်နှာ ၁၀ မှ**

ထိုအခါ ဘုရားရှင်သည် ရဟန်းအချို့ခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွရောက်၍ ဖခင်မင်းကြီးအား တရားဟောပြောလျက် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူလေသည်။ ဘုရားရှင်ရောက်သော သုံးရက်မြောက်နေ့မှာပင် သုဒ္ဓေါဒနမင်းသည် သင်္ခါရတရားတို့ ဆင်ခြင်၍ ရဟန္တာဖြစ်တော်မူပြီး ပရိနိဗ္ဗာန်စံတော်မူလေသည်။ ဘုရားရှင်သည် ဖခင်မင်းကြီး အလောင်းတော်ကို ခမ်းနားစွာကျင်းပပြီး သင်္ဂြိုဟ်၍ နိဂြောဓာရုံကျောင်းသို့ ပြန်ကြွလေသည်။

ထိုအခါ၌ မိထွေးတော် မဟာပဇာပတိဂေါတမီသည် သားတော်ဘုရားထံသို့လာ၍ ရဟန်းပြုခွင့်တောင်းခံလေသည်။ ဘုရားရှင်ကလည်း သူ၏သာသနာတော်၌ အမျိုးသမီးများ ရဟန်းပြုခွင့်မသင့်ကြောင်း၊ပြုပေးပါက ကြာရှည်စွာ စင်ကြယ်စွာဖြင့် မနေနိုင်ကြောင်း ရဟန်းအဖြစ်နေရန် မနှစ်သက်ရန် မိထွေးတော်အား ရှင်းပြလေသည်။ မိထွေးတော်ဂေါတမီကလည်း သုံးကြိမ်တိုင်တိုင် လျှောက်ထားသည်။ ဘုရားရှင်က ပယ်တော်မူလေသည်။ ထို့ကြောင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ယူကျုံးမရ ပူဆွေးပြီး နန်းတော်သို့ ပြန်ရရှာလေသည်။

ဘုရားရှင်လည်း မိမိအလိုရှိသမျှ နေတော်မူပြီး ဝေသာလီပြည်သို့ပြန်ကြွ၍ မဟာဝုန်တောကူဋာဂါရကျောင်းတိုက်၌ ပဉ္စမဝါကပ်တော်မူသည်။

**မိထွေးတော်ဂေါတမီ ရဟန်းပြုခွင့်ရခြင်း**

မိထွေးတော်ဂေါတမီသည် ဘုရားထံမှ ရဟန်းပြုခွင့်တောင်းခံရာ မရသဖြင့် ၎င်းသည် ဆတ္တာသည်ခေါ်၍ ခေါင်းမှဆံပင်များဖြတ်စေပြီး ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လေသည်။ ၎င်းသည် သူနှင့်အတူ သာကီနွယ်ဝင် မင်းသမီးငါးရာအား ရဟန်းပြုလိုသောဆန္ဒဖြင့် ဘုရားရှိရာသို့ လာကြလေသည်။ ဘုရားရှင် သီတင်းသုံးနေသော ဝေသာလီပြည် မဟာဝုန်တော၌ "ကူဋာဂါရ" ကျောင်း၌ သီတင်းသုံးနေကြောင်းသိပြီး ထိုနေရာသို့ ၎င်းတို့ သွားကြ၍ ငိုယိုလျက်နေကြလေသည်။

ထိုသို့ ငိုယိုနေသောအသံကို အရှင်အာနန္ဒာကြားသောအခါ ၎င်းထံသို့ သွားမေးလေသည်။ ၎င်းတို့မှ ဖြစ်ပျက်နေသော အကြောင်းစုံကို မိထွေးတော်ဂေါတမီက ရှင်းပြသည်။ ထိုရှင်းပြချက်ကို ကြားသိရသော အရှင်အာနန္ဒာသည် မိထွေးတော်အား ခေတ္တစောင့်၍ သူဘုရားထံသို့သွား၍ လျှောက်ထားမည်ဖြစ်ကြောင်း ဘုရားထံသို့ သွားသည်။ ဘုရားရှင်အား အရှင်အာနန္ဒာက အမျိုးသမီးအား သာသနာတော်၌ ရဟန်းပြုခွင့်ပြုပေးရန် လျှောက်ထားပါသည်။ ဘုရားရှင်က အာနန္ဒာအား "သူ့သာသနာ၌ အမျိုးသမီးများအား ရဟန်းပြုပေးရန်မသင့်တော်ကြောင်း၊ ပြုပေးလျှင် ကြာရှည်စွာ မစင်ကြယ်နိုင်ရာ"ဟူ၍ ပြောဆိုပယ်တော်မူသည်။

အရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် လျှောက်ထားသော်လည်း မရပါ။ ဘုရားရှင်က ပယ်တော်မူသည်။ အမျိုးသမီးများ သူ့သာသနာတွင် ရဟန်းပြုရန်မသင့်ကြောင်း ပြောဆိုလေသည်။ အရှင်အာနန္ဒာသည် နည်းပရိယာယ်သုံးကာ အမျိုးသမီးများသည် ရှင်တော်ဘုရား သာသနာတော်၌ အမျိုးသမီးများ ရဟန်းပြုပြီးလျှင် မဂ်ဖိုလ်လေးပါးကို ရနိုင်ပါသလောဟု လျှောက်ထားလေသည်။ ဘုရားရှင် ရထိုက်ကြောင်း ပြန်ဖြေသည့်အခါ အရှင်အာနန္ဒာက မိထွေးတော်ဂေါတမီသည် ဘုရားရှင်အား မွေးဖွားသည့်နေ့မှစ၍ ကျေးဇူးရှိသဖြင့် မဂ်ဖိုလ်ရထိုက်သော အမျိုးသမီးများရနိုင်လျှင် မယ်တော် အစရှိသည့် အမျိုးသမီးအား ရဟန်းပြုခွင့်ပေးရန် လျှောက်ထားလေသည်။

ထိုအခါ၌ ဘုရားရှင်သည် မိထွေးတော်ဂေါတမီအား ဂရုဓမ်တရားရှစ်ပါးကို အသက်ထက်ဆုံး ခံယူလိုက်နာပါလျှင် သာသနာတော်၌ ရဟန်းမအဖြစ် လက်ခံမည်ဖြစ်ကြောင်း အရှင်အာနန္ဒာအား မိန့်မြွက်လေသည်။ ဂရုဓမ်တရားရှစ်ပါးကို အရှင်အာနန္ဒာက မေးလျှောက်၍ ဘုရားရှင်က အောက်ပါတရားရှစ်ပါးကို ဟောကြားလေသည်။

(၁) ဝါတစ်ရာပင်ရသော ရဟန်းအမျိုးသမီးသည် ယနေ့ ရဟန်းပြုသော ရဟန်းယောကျ်ားကို အရိုအသေပြု၍ ရှိခိုးရမည်။
(၂) ရဟန်းမတို့သည် ရဟန်းယောကျ်ားများနှင့် မနီးသောကျောင်းများတွင်သာ ဝါကပ်ရပါမည်။
(၃) ရဟန်းမများသည် ရဟန်းယောကျ်ားများထံမှ လခွဲတစ်ကြိမ် ဥပုသ်မေးခြင်း အဆုံးအမခံယူခြင်းတို့ကို ပြုရပါမည်။
(၄) ဝါကျွတ်သောအခါ ရဟန်း၊ ရဟန်းမ နှစ်ပါးစုံပါသော သံဃာ၌ အပြစ်ရှိခဲ့လျှင် ပြောဆိုဆုံးမရန် ဖိတ်ကြားမှု ပဝါရဏာ ပြုရမည်။
(၅) သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းမသည် ရဟန်း၊ ရဟန်းမ နှစ်မျိုးစလုံးပါသော သံဃာ၌ တစ်ဆယ့်ငါးရက် မာနတ်အကျင့်ကို ကျင့်ရမည်။
(၆) သိက္ခမာန်အဖြစ်ဖြင့် နှစ်နှစ်နေပြီးမှ ရဟန်း၊ ရဟန်းမ နှစ်မျိုးစလုံးပါသော သံဃာ၌ ရဟန်းပြုရမည်။
(၇) ရဟန်းမသည် ရဟန်းယောကျ်ားတို့အား မည်သည့်အကြောင်းနှင့်မျှ ဆဲဆိုရေရွတ်ခြင်း မပြုရ။
(၈) ရဟန်းမသည် ရဟန်းယောကျ်ားတို့ ပြောဆိုဆုံးမသည့်အတိုင်း လိုက်နာရပါမည်။

ယင်းသို့ ဘုရားရှင်က ပြောကြားချက်ကို မိထွေးတော်ဂေါတမီအား အာနန္ဒာ မှာကြားသည်။ ဘုရားရှင်က အထက်ပါဟောကြားသည့် ဂရုဓမ်ရှစ်ပါးကို လက်ခံလျှင် ရဟန်းမများကို ရဟန်းပြုခွင့်ပြုပြီဖြစ်ကြောင်းပြောလျှင် မိထွေးတော်ဂေါတမီသည် ဝမ်းမြောက်စွာ လက်ခံ၍ သာကီဝင်အမျိုးသမီးသည် လက်ခံစေအံ့ဟု ပြောလေသည်။ ဘုရားရှင်ထံသို့ ဤအကြောင်းကို အာနန္ဒာလျှောက်ထားလေသည်။ ဘုရားရှင်က မာတုဂါမတို့ ရဟန်းပြုလေဟု ခွင့်ပြုတော်မူသည်။ မိထွေးတော် ဂေါတမီသည် ရဟန်းပြုလေသည်။ ကမ္မဝါဖတ်ရန် မလိုပါ။ ခံယူလိုက်သည်နှင့်တစ်ပြိုင်နက် ဂေါတမီသည် ရဟန်းမဖြစ်သွားတော်မူလေသည်။ ယင်းကို အဋ္ဌဂရုဓမ္မပဋိဂ္ဂဟ ဥပသမ္ပဒါဟု ခေါ်လေသည်။

ဂေါတမီသည် သားတော်ဘုရားအလောင်းအား မည်သို့ဆက်လုပ်မည်ကို သူ၏နောက်မှ အမျိုးသမီးငါးရာအတွက် လျှောက်ထားသည်။ ဘုရားရှင်က ယောကျ်ားရဟန်းတို့မှ ရဟန်းတို့အား ရဟန်းပဉ္စင်းခံပေးရန် ခွင့်ပြုတော်မူကြောင်း မိန့်မြွက်လေသည်။ သာကီဝင်နွယ်မင်းသမီးငါးရာတို့သည် ဂေါတမီ၏ တပည့်ရဟန်းမအဖြစ် ပဉ္စင်းခံပေးလေသည်။ "ဧကတော ဥပသမ္ပန္န ဘိက္ခုနီမ (ရဟန်းမ)များဖြစ်ကြကုန်သည်။ မိထွေးတော် ဂေါတမီသည် ရဟန်းမခံယူပြီးနောက် ဘုရားရှင်၏ "သံခိတ္တ" သုတ်ဒေသနာကို ကြားနာရပြီးနောက် ရဟန္တာမဖြစ်သွားလေသည်။ သာကီနွယ်ဝင်မင်းသမီးငါးရာတို့ဖြစ်သည့် ရဟန်းမများသည် "နန္ဒကောဝါဒ"သုတ်ကို နာကြားရ၍ မဂ်ဖိုလ်လေးပါး အသီးသီးရကြလေသည်။

နောက်တစ်ချိန် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးပြီးရဟန်းမတို့အား ဧတဒဂ်အရာ ပေးအပ်သောအခါ မဟာပဇာဂေါတမီထေရီမအား "ရတ္တညူ ဧတဒဂ်" ဝါကြီးသောအရာ၌ အမြတ်ဆုံးရာထူး၌ ထားတော်မူလေသည်။ ။

## SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၇-၂၀၂၂)ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron (အိုမီခရွန်) အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၁၆)ခုအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို ဆေးသုတေသနဦးစီးဌာန (Department of Medical Research) တွင် (၁၀-၆-၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 ကို ဓာတ်ခွဲနမူနာ (၁)ခုတွင်လည်းကောင်း၊ BA.5 ကို ဓာတ်ခွဲနမူနာ (၅)ခုတွင်လည်းကောင်း တွေ့ရှိရပါသည်။

၃။ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 တွေ့ရှိသူများအားလုံးသည် ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများဖြစ်ပါသည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း သီးခြားထားရှိ ကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်း ရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၆ ရာခိုင်နှုန်းရှိ

### ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၂၆,၃၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၆၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၈၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၂၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၀၈၁) ခု | (၉) ဦး |
| စုစုပေါင်း | (၅,၇၁၉) ခု | (၁၅) ဦး |

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၃၃၈၆၅၇ | ၈၅၇၈၉၅၅၈ | ၁၀၄၅၇၉၂ |
| ၂။ | အိန္ဒိယ | ၄၃၆၃၉၃၂၉ | ၄၂၉၈၃၁၆၂ | ၅၂၅၄၅၄ |
| ၃။ | ဘရာဇီး | ၃၂၈၉၆၄၆၄ | ၃၁၁၈၁၀၆၆ | ၆၇၃၆၅၉ |
| ၄။ | ပြင်သစ် | ၃၂၁၁၅၆၀၄ | ၃၀၀၃၁၃၉၈ | ၁၅၀၀၁၇ |
| ၅။ | ဂျာမနီ | ၂၉၀၂၅၇၆၀ | ၂၇၂၈၂၅၀၀ | ၁၄၁၈၇၀ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၆၄၄၅၉ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၄၃၉၅၀၁ | ၁၇၉၇၀၃၂၃ | ၁၆၉၁၀၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၅၂၄၅၃၈ | ၁၈၂၈၁၁၄၀ | ၂၄၆၆၁ |
| ၉။ | ရုရှား | ၁၈၄၆၅၃၀၈ | ၁၇၈၉၀၈၅၆ | ၃၈၁၆၂၁ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၅၃၈၁ | ၉၇၇၁၀၂၁ | ၄၃၀၈၉ |
| ၂။ | အင်ဒိုနီးရှား | ၆၁၁၂၉၈၆ | ၅၉၃၅၈၄၅ | ၁၅၆၇၉၈ |
| ၃။ | မလေးရှား | ၄၅၉၅၉၇၄ | ၄၅၂၄၂၈၁ | ၃၅၈၁၁ |
| ၄။ | ထိုင်း | ၄၅၄၆၈၅၄ | ၄၄၉၁၉၁၉ | ၃၀၈၆၂ |
| ၅။ | ဖိလစ်ပိုင် | ၃၇၂၀၀၅၄ | ၃၆၄၅၁၉၆ | ၆၀၆၄၀ |
| ၆။ | စင်ကာပူ | ၁၅၃၀၃၀၄ | ၁၄၃၁၆၇၂ | ၁၄၃၂ |
| ၇။ | မြန်မာ | ၆၁၃၇၅၁ | ၅၉၂၆၅၅ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၇၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၇၂၂၈၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၆၂ | ၁၃၃၂၂၁ | ၃၀၅၆ |

# ယခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံရှိလာမည်ဟု ကုလသမဂ္ဂ ခန့်မှန်းထား

**ကုလသမဂ္ဂ ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံ၏ လူဦးရေကို ကျော်လွန်သွားမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ကမ္ဘာ့လူဦးရေသည်လည်း ရှစ်ဘီလီယံအထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း ကုလသမဂ္ဂက ယနေ့တွင်ကျရောက်သည့် ကမ္ဘာ့လူဦးရေနေ့တွင် ပြောကြားသည်။

**မြင့်တက်လာနိုင်**

ကမ္ဘာ့လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် ၈ ဒသမ ၅ ဘီလီယံ၊ ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၇ ဘီလီယံ၊ ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၄ ဘီလီယံ စသည်ဖြင့် မြင့်တက်လာနိုင်ကြောင်း ကုလသမဂ္ဂ၏ ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေခန့်မှန်းချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အသက် ၆၅ နှစ်နှင့်အထက်ရှိ ကမ္ဘာ့လူဦးရေသည် ယခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၁၆ ရာခိုင်နှုန်းအထိမြင့်တက်လာနိုင်ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေနေ့ကို ၁၉၉၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ လူဦးရေတိုးပွားမှုနှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုပြုလုပ်ခဲ့ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာက ဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ပေါ်တူဂီနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွား

**လစ်စဘွန်း ဇူလိုင် ၁၁**

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်း၌ တောမီးများ လောင်ကျွမ်းလျက်ရှိသဖြင့် မီးသတ်သမား ၁၅၀၀ ခန့်က မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထပ်မံမြင့်တက်လာနိုင်**

နိုင်ငံ၏ နေရာဒေသအများအပြားတွင် ဇူလိုင် ၇ ရက်မှစတင်၍ တောမီးများ လောင်ကျွမ်းခဲ့မှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပွားကာ အပူချိန်မှာလည်း ထပ်မံမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း ယခုဖြစ်ပွားလျက်ရှိသည့်တောမီးလောင်ကျွမ်းမှုများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေး ဝန်ထမ်းများကို တာဝန်များ ပေးအပ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ တောမီးများ လောင်ကျွမ်းရာဒေသများတွင် သီးနှံစိုက်ပျိုးမြေ ၁၅၀၀ ဟက်တာခန့် ပျက်စီးသွားခဲ့သဖြင့် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သား ၇၀၀ ကို အခင်းဖြစ်နေရာများသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အိုရန်၊ ပွန်ဘဲလ်နှင့် ကာရာဇီဒါဒေသများတွင် မီးသတ်သမားများက မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း သိရသည်။ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် တောမီးများလောင်ကျွမ်းခြင်းနှင့် အပူချိန်များမြင့်တက်ခြင်းဖြစ်လာရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ဇွန်လအတွင်းကလည်း နိုင်ငံ၏ နယ်မြေဒေသ ၂၈ ရာခိုင်နှုန်းမှာ မိုးခေါင်မှုကို ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆၇၈ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆၇၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၃၆၃၉၃၂၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၄၅၄ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၃၀၇၁၃ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၂ ဒသမ ၉ သန်းကျော်ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သောင်းကျော်ရှိကြောင်းနှင့် အိုမီခရွန်ဗီဇပြောင်း BA.4 နှင့် BA.5 ရောဂါကူးစက်မှုများလည်း မြင့်တက်လာနိုင်ကြောင်း အိန္ဒိယကျန်းမာရေးတာဝန်ရှိသူများက သတိပေးထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၉၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၉၃ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၅၂၄၅၃၈ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**များပြား**

နိုင်ငံအတွင်းနေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်ထက် များပြားကြောင်း တောင်ကိုရီးယား ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ် ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၁၈၃၈၈ ဦးရှိသည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၇၃၅၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၆၆၁ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# တရုတ်နှင့် ပါကစ္စတန် ပူးတွဲပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်

**ရှန်ဟိုင်း ဇူလိုင် ၁၁**

တရုတ်နှင့် ပါကစ္စတန်ရေတပ်ဖွဲ့များသည် Sea Guardians-2 ဟု အမည်ပေးထားသည့် ၄ ရက်ကြာ ပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၁၀ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ ရေတပ်သင်္ဘောများသည် ရှန်ဟိုင်းရှိ စစ်ဘက်ဆိုင်ရာဆိပ်ကမ်းမှ သတ်မှတ်ထားသည့် ပင်လယ်ပြင်သို့ထွက်ခွာမည်ဖြစ်သည်။ ယခုကဲ့သို့ ပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုကိုဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်မှာ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အတွေ့အကြုံနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အတတ်ပညာများဖလှယ်ရေးအတွက်ဖြစ်ကာ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများတိုးမြင့်လာစေရန်အတွက်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

■ **PDF အမည်ခံမှ**

ဝင်ရောက်၍ ကျောင်းဆောင်များနှင့် ကျောင်းဆောင်အတွင်းရှိပစ္စည်းများ ဖျက်ဆီးခဲ့သဖြင့် ကျောင်းဆောင် ငါးဆောင်ရှိ ပြတင်းပေါက်မှန် ၁၈၅ ချပ်၊ တံခါးမကြီးတစ်ခု၊ မေးခွန်းတိုက်တစ်လုံး၊ ကျောင်းအုပ်ကြီးရုံးခန်းရှိ မိတ္တူကူးစက် တစ်လုံး၊ စီစီတီဗွီ ကင်မရာနှစ်လုံး၊ ဆိုဖာထိုင်ခုံ၊ စားပွဲနှစ်လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ်၁၆၀၇၅၀၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်၏ မြောက်ဘက်အပေါက်သို့ အကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် မောင်းနှင်လာပြီး တက္ကသိုလ်ဝင်းအတွင်းသို့ လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်ပစ်ဗုံးတစ်လုံးမှာ ဝင်ပေါက်ရှေ့ရှိ ဂိတ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဂိတ်မှန်ပြတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရှင်းလင်းခဲ့ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွာမရပ်ကွက်နေ ထွန်းဝင်းအောင်သည် ၎င်းအသုံးပြုသည့် "နွေဦးအောင်" Facebook အကောင့်နှင့် "Tun Tun Aung" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာနေ ဇွန်လှိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Zun Hlaing Win" Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံရေကျေးရွာနေ ဝင်းဇော်ဦးသည် ၎င်းအသုံးပြုသည့် "Win Zaw Oo" Facebook အကောင့်၊ ချောင်းဆုံမြို့နယ် တော်ပကောက်ကျေးရွာနေ နွေဦးလွင်သည် ၎င်းအသုံးပြုသည့် "Nwe Oo Lwin" Facebook အကောင့်၊ အိဖြိုးဝေသည် ၎င်းအသုံးပြုသည့် "Ei Phyo Wai" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး မအူပင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မအူပင် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်မိုးမိုးအေးသည် ရုံးအဖွဲ့မှူးဦးကျော်စိုးညွန့်၊ မအူပင်ခရိုင်တရားသူကြီး ဒေါ်ဝင်းဝင်းနိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်အရာရှိက အကျဉ်းထောင်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် တိုင်းဒေသကြီးတရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များနှင့် စားဖိုဆောင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ၊ မရှိ၊ အစာအာဟာရ သင့်တင့်မျှတမှုရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်စာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်း



ပဲခူး ဇူလိုင် ၁၁

ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပဲခူးမြို့နယ်စာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးမြို့နယ် စာရေးဆရာအသင်းနာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အသင်းသား အသင်းသူများ၊ ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့ တက်ရောက်ကြပြီး ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးမြို့နယ်စာရေးဆရာအသင်းနာယက ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်-ပဲခူး)က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပဲခူးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာ လင်းအရဏ်ဦး(ပဲခူး)က အသင်းတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးခြင်း၊ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက မုဒိတာစကားပြောကြားခြင်းနှင့် ဘဏ္ဍာရေးမှူး စာရေးဆရာမ မေတ္တာမိုးနှင်းက အသင်း၏ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား နဝမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၁

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား နဝမအကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင်(သို့မဟုတ်)မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း(သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင်(သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင် ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းအမှတ်၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ၏(၄" x ၆")ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်းထောက်ခံချက်တို့နှင့်အတူ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## မတ္တရာမြို့နယ်၌ သဘာဝရေလျှံကွင်းများနှင့် အင်းများအတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်ဝင်းသန်းနှင့်ဝန်ထမ်းများသည် ဒေသခံအင်းသားကြီးများနှင့်အတူ မတ္တရာမြို့နယ် သဘာဝရေလျှံကွင်း၊ အင်းများအတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး၊ တရားမဝင် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ဇူလိုင် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျီးအင်းတောင်၊ ကျီးအင်းမြောက်(သုတေသနအင်း) နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေပြင်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ တင်ထက်ထက်ဇော် (ပေါက်ပေါက်)က (၇၅)နှစ်မြောက် အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အကြောင်းအရာများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်ကို ပဓာနမထားဘဲ နိုင်ငံနှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏လေးစားအတုယူဖွယ်ရာ အရည်အချင်းများ အကြောင်းတို့နှင့်ပတ်သက်ပြီး အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်လေးများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသားလူငယ်လေးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာရေးဆရာမ တင်ထက်ထက်ဇော် (ပေါက်ပေါက်) က ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ခန်းမအတွင်းပြသထားသော (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လေးတောင်မြို့၌ လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရမ်းဗြဲ ဇူလိုင် ၁၁

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက လေးတောင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကျင်းပရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ လေးတောင်မြို့အတွင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သိန်းထွန်းအောင်**

## ဂွမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကော်မတီထံသို့ ပြည်နယ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲနှင့် သဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



ဂွ ဇူလိုင် ၁၁

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မြန်မာ့ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း (ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း) ဆောင်ရွက်မည့် ရဟိုင်ကွင်းကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကော်မတီထံသို့ ပြည်နယ်ရန်ပုံငွေ သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲနှင့် ၂၀၂၂ ခုနှစ် မိုးစပါးမျိုးစေ့ထုတ်၊ စံပြကွက်၊ စမ်းသပ်ကွက်၊ အထူးဇုန်များ စိုက်ပျိုးထုတ်လုပ်ကြမည့် ဒေသခံတောင်သူများကို သဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

### အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သံတွဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းမြို့နယ်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက ရန်ပုံငွေ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ပြည်နယ်ရန်ပုံငွေ သိန်း ၃၀၀ ကို ရဟိုင်ကွင်းကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကော်မတီ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၂၂ ခုနှစ် မိုးစပါးမျိုးစေ့ထုတ်၊ စံပြကွက်၊ စမ်းသပ်ကွက်၊ အထူးဇုန်များ စိုက်ပျိုးထုတ်လုပ်ကြမည့် ဒေသခံတောင်သူများအားသဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒေသခံတောင်သူများအား ယူရီးယားဓာတ်မြေသြဇာများကို တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် ဧက ၁၃၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်(ပြန်/ ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**




## ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် Talk Show အစီအစဉ် အွန်လိုင်းမှ ထုတ်လွှင့်တင်ဆက်

ရန်ကုန် ဇူလိုင် ၁၁

၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ အွန်လိုင်းမှ ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးခဲ့သည်။

အဆိုပါ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အသိပညာပေး Talk Show အစီအစဉ်တွင် စာရေးဆရာမ တင်ထက်ထက်ဇော် (ပေါက်ပေါက်) က ကမ္ဘာ့လူဦးရေနေ့ဖြစ်ပေါ်လာပုံနှင့် အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်များ၊ လက်ရှိကမ္ဘာ့လူဦးရေ အဆမတန်တိုးတက်လာမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ လူဦးရေတိုးတက်လာမှုအခြေအနေများ၊ ကမ္ဘာ့လူဦးရေ တိုးတက်လာမှုက အနာဂတ်ကမ္ဘာအား အကျိုးသက်ရောက်နေမှုများ စသည်တို့နှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၁**

ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်၊ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် တိုင်းရောအစာစပ်စက်ရုံ အစာထုတ်လုပ်နေမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဘူးသီးတောင် တပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၌ DYL ဝက်များနှင့် ဥစားကြက် မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့နယ်၌ အစားထိုးသီးနှံစိုက်ပျိုးရန် နှစ်ရှည်ပင်များ အခမဲ့ပေးအပ်

**ဟိုပုံး ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ စံဖူးကျေးရွာ၊ ဇန်းစောက်ကျေးရွာများတွင် အစားထိုးသီးနှံအဖြစ် ကော်ဖီပင်များကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီ၌ စိုက်ပျိုးရန်အတွက် (အာရေးဗီးကားမျိုး၊ ကတ်တီမိုး/H28) ကော်ဖီပျိုးပင် ၅၀၀၀ ကျော်နှင့် ကော်ဖီပင်နှင့် တွဲဖက်စိုက်ပျိုးနိုင်ရန် အရိပ်ရအပင်များဖြစ်သည့် ထောပတ်ပင်နှင့် ခါတော်မှီ ပျိုးပင် ၅၀၀၀ ကျော်တို့ကို ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အရည်အသွေးကောင်းမွန်**

မဲနယ်တောင်ဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀၀ ကျော်တွင်တည်ရှိပြီး ၎င်းဒေသမှ ထွက်ရှိသော ကော်ဖီမျိုးများမှာ အရည်အသွေးကောင်းမွန်ပြီး ပြည်ပဈေးကွက်နှင့် ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချရသောကြောင့် ဒေသခံတောင်သူများမှ ကော်ဖီသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် အပင် ၃၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်းနှင့် အစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ် ဧက ၃၃၄၀ စိုက်ပျိုးသွားမည်

**မန္တလေး ဇူလိုင် ၁၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခြောက်ခရိုင်တွင် မိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ဧက ၃၃၄၀ စိုက်ပျိုးပြီး ထွက်ရှိလာသည့် မျိုးများကို ပြန်လည်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖြန့်ဖြူးပေးသွားမည်**

အဆိုပါမိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ဧကများကို ခရိုင် ခြောက်ခရိုင်ရှိ မြို့နယ် ၁၆ မြို့နယ်တွင် မျိုးစေ့ထုတ်တောင်သူများနှင့် ပူးပေါင်း၍ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မျိုးကွဲအလိုက် စိုက်ပျိုးမှုအနေဖြင့် ရွှေတောင်(၈)မျိုးမှာ ၇၇၇ ဧက၊ ရွှေတောင်(၁၀) မျိုးမှာ ၂၅၃၈ ဧကနှင့် ငွေချည်(၆)မျိုးမှာ ၂၅ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ယင်းဧကများမှ ထွက်ရှိလာသည့် အရည်အသွေးကောင်းမျိုးများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်ဧက ၃၃၄၀ စိုက်ပျိုးသွားမှာပါ။ ပြည်ထောင်စုရန်ပုံငွေ အစီအစဉ်ဖြင့် ဧက ၃၄၀ နဲ့ တိုင်းဒေသကြီးရန်ပုံငွေ အစီအစဉ်ဖြင့် ဧက ၃၀၀၀ ဖြစ်ပါတယ်။ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် စိုက်ပျိုးဧက ၃၀၀၀ ထဲကမှ ဧက ၂၀၀၀ ကနေပြီးတော့ RS မျိုးစေ့ကို ဧက ၆၀၀၀၀ စာ အတွက် မျိုးစေ့ပိဿာ ၁၈၀၀၀၀ ကို ပြန်လည်ဝယ်ယူစုဆောင်းပြီး ဖြန့်ဖြူးသွားမှာပါ။ ကျန်တဲ့ဧက ၁၀၀၀ ကနေပြီးတော့ ကန်ထရိုက်လယ်ယာစနစ်နဲ့ ဧက ၄၀၀၀၀ စာအတွက် မျိုးစေ့ပိဿာ ၁၂၀၀၀၀ ကို ဝယ်ယူဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ ကျန်ထွက်ရှိတဲ့ မျိုးတွေကိုတော့ တောင်သူအချင်းချင်း မျိုးဖလှယ်တဲ့ အစီအစဉ်နဲ့ ဆောင်ရွက်မှာပါ။ မျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်လာပြီး ထွက်ရှိလာတဲ့ မျိုးတွေကလည်း မျိုးစေ့အနေနဲ့ ရရှိတာဖြစ်တဲ့အတွက် ရောင်းချတဲ့နေရာမှာ ဈေးပိုရပါတယ်။ ဒီလိုစိုက်ခြင်းအားဖြင့် ဒေသတွင်း မျိုးလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ပိုလျှံတာတွေကိုလည်း ကျန်တဲ့ဒေသတွေကို ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

**လျာထားစိုက်ပျိုးသွားမည်**



အဆိုပါမိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ဧက ၃၃၄၀ ကို ခရိုင် ခြောက်ခရိုင်တွင် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ခရိုင်များအလိုက် စိုက်ပျိုးမည့်ဧကများမှာ မန္တလေးခရိုင်တွင် ခုနစ်ဧက၊ ကျောက်ဆည်ခရိုင်တွင် ၇၅၅ ဧက၊ မိတ္ထီလာခရိုင်တွင် ၈၇၁ ဧက၊ မြင်းခြံခရိုင်တွင် ၃၇၇ ဧက၊ ညောင်ဦးခရိုင်တွင် ဧက ၂၀၊ ရမည်းသင်းခရိုင်တွင် ဧက ၁၃၁၀ စုစုပေါင်းစိုက် ဧက ၃၃၄၀ ကို တောင်သူများအား မျိုးဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧရိယာတိုးချဲ့ရန်အတွက် RS အထူးဇုန် ဧက ၁၀၀၀၀ ကိုလည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများကို ဆင့်ပွားမျိုးသန့်မျိုးစေ့နှင့် လူးနယ်ဆေး စသည့်သွင်းအားစုများ အခမဲ့ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း နွားနှင့် ဝက်များတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါကို ကြိုတင်ထိန်းချုပ်ထား

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန် တိုင်းဒေသကြီးအတွင်း မိုးရာသီကာလ နွားနှင့် ဝက်တို့တွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါကို ကြိုတင်ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်မှုဖြင့် ရောဂါဖြစ်ပွားမှုကို ကြိုတင်ထိန်းချုပ်ထားကြောင်း သိရသည်။

**ထိုးနှံပေးလျက်ရှိ**



တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပေါင်း ၁၉ မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများက မြေပြင်ကွင်းဆင်းဆောင်ရွက်၍ နို့စားနွား၊ ခိုင်းနွားနှင့် ဝက်များကို မတ်လတတိယပတ်မှစ၍ ဇူလိုင်လအထိ လစဉ်ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

ထို့အပြင် တောင်ပိုင်းခရိုင်အား ခွာနာလျှာနာရောဂါကင်းရှင်းရေး အထူးဇုန် သတ်မှတ်၍ တိရစ္ဆာန်အကောင်ရေစာရင်းကောက်ယူခြင်း၊ မွေးမြူရေးတောင်သူများအား သင်တန်းများပို့ချခြင်းနှင့် ကာကွယ်ဆေးများထိုးနှံခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လမ်းညွှန်မှုဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆောင်ရွက်ထား**

"ခွာနာလျှာနာရောဂါနဲ့ပတ်သက်ရင် မွေးမြူရေးတောင်သူတွေအနေနဲ့ မိမိတို့ရဲ့ တိရစ္ဆာန်မှာ ရောဂါဖြစ်တယ်လို့ သံသယရှိရင် အမြန်သတင်းပို့ရမှာပါ။ အဲ့ဒီလို သတင်းပို့ပြီးတာနဲ့ ဌာနရဲ့ညွှန်ကြားမှုကို တိတိကျကျ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ ရောဂါဖြစ်ပွားတဲ့ တိရစ္ဆာန်ကို နေရာရွှေ့ပြောင်းခြင်းမပြုဘဲ ဌာနက အမြန်ဆုံး လာရောက်ကုသပေးမှာပါ။ ကူးစက်မှုမြန်တဲ့အတွက် ကုသပြီး ရောဂါကင်းရှင်းကြောင်း အသိအမှတ်ပြုပြီးရင် သွားလာလို့ရပါပြီ။ နယ်စပ်ဖြတ်ကျော်ရောဂါအဖြစ် သတ်မှတ်ထားတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းက နွား၊ ကျွဲ၊ ဝက်တွေ မိုးရာသီမှာ ခွာနာလျှာနာ ဖြစ်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားပြီးပါပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာတိုးမင်းထွန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အမဲသားနှင့် ဝက်သားကို နေ့စဉ်ထုတ်လုပ်လျက်ရှိပြီး တိုင်းဒေသကြီးအပြင် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဝင်ရောက်သော နွားနှင့် ဝက်တို့တွင် ရောဂါကင်းရှင်းမှု ရှိ၊ မရှိကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ကြိုတင်ထိန်းချုပ်ထားနိုင်**

ယမန်နှစ် မိုးရာသီက ထန်းတပင်မြို့နယ်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့ရာ အမြန်ဆုံးသိရှိ၍ ဖြစ်ပွားသောပတ်ဝန်းကျင်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ယခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခွာနာလျှာနာရောဂါကို ကြိုတင်ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ထူးသောသတ္တိတစ်မျိုး

**ပီမိုးနင်း**

(၂၈.၆.၂၀၂၂ ရက်နေ့မှအဆက်)

မည်သူမဆို ထူးမြတ်၍ အဖိုးမဖြတ်နိုင်သော အမွေအနှစ်ကို ရနိုင်၏။ ထိုအမွေအနှစ်သည်ကား အခြားမဟုတ်၊ ယဉ်ကျေးဖွယ်ရာ ပြုလုပ်တတ်ခြင်း၊ စိတ်ပါကိုယ်ရောက် ပြုတတ်စုတတ် ဧည့်ခံတတ်ခြင်း၊ စိတ်သဘောကြီးခြင်း၊ သူတစ်ပါး၏ ကျူးလွန်ခြင်းကို ခွင့်လွှတ်တတ်ခြင်း၊ သည်းညည်းခံတတ်ခြင်းများဖြစ်လေသည်။

သိန်းသန်းကုဋေ ရွှေ ငွေ ကျောက်သံအမွေတို့သည်ကား ပျက်စီးနိုင်၏။ ထိုအမွေတို့သည်ကား မပျက်စီးနိုင်ဘဲ အမြဲတည်တံ့လေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးမှာ အလွန်အဖိုးထိုက်သော ယဉ်ကျေးခြင်းအမွေအနှစ်ကို ရရှိသော်လည်း သူတစ်ပါး၏ ကျူးလွန်မှားယွင်းခြင်းကို အဟုတ်တကယ် ခွင့်လွှတ်တတ်သူ များသင့်သလောက် မများကြသောကြောင့် ကြမ်းကြုတ်သော ရာဇဝတ်မှုတွေ များကြသည်ကို သိရလေသည်။

ငင်းအဆွဲဓာတ်သည် စီးပွားရှာသောအလုပ်မှာသာ အဖိုးတန်သည်မဟုတ်။ နိုင်ငံရေးအလုပ်များ၌လည်း အထွတ်အထိပ်သို့ ရောက်အောင်ပို့နိုင်လေသည်။ ရှေ့နေဖြစ်လျှင် အမှုသည်တွေကို များစွာရနိုင်၏။ ရောင်းဝယ်သူဖြစ်လျှင် ဖောက်သည်တွေပေါများနိုင်၏။ ဆေးဆရာဖြစ်လျှင် လူမမာတွေ များစွာရနိုင်ပေသည်။ ငင်းသတ္တိသည် မည်သည့် အလုပ်အကိုင်မှာမဆို ကြီးပွားခြင်းအတွက် မလွဲသာသောသတ္တိဖြစ်လေသည်။ ငင်းလူမျိုးသည် အရောင်းအဝယ်၌ မိမိတို့ထက် ပိုမို၍အပင်ပန်းခံသူများထက်ပင် ပိုမိုတွင်ကျယ်နိုင်လေသည်။

များစွာသောသူတို့မှာ မိမိတို့၏အလုပ်ကို ကောင်းစွာနားလည်၍ အရည်အချင်းနှင့် လွန်စွာမပြည့်စုံကြသော်လည်း ငင်းအဆွဲဓာတ်သတ္တိ မရှိခြင်းကြောင့် တိုးတက်ကြီးပွားခြင်း မဖြစ်နိုင်ဘဲ နေကြလေသည်။

ထိုသတ္တိကို အပေါင်းကောင်းခြင်း၊ အပေါင်းဆန့်ခြင်း၊ ပေါက်ရောက်တွင်ကျယ်ခြင်းဟု ခေါ်ရလေသည်။ ထိုသတ္တိကိုရလိုလျှင် ကိုယ်ကောင်းကြံတတ်သောစိတ်၊ မိမိအလိုကိုသာ သိတတ်သောစိတ်မျိုး၊ အပါးအနပ်အလည်ဟူသော စိတ်မျိုးကို နည်းပါးအောင် သတိပြုကြရလေသည်။ အကြောင်းမူကား လိမ္မာခြင်းသည် မြတ်သော်လည်း ပါးနပ်ခြင်းသည် ယုတ်သောအကြောင်းဖြစ်သဖြင့် မနပ်ဘဲ လိမ္မာရမည်ဟု ပညာရှိများ ပြောဖူးလေသည်။ သို့ဖြစ်၍ လူပါးလူနပ်တို့ကို အားကျသည်ထက် လူလိမ္မာလူကောင်းတို့ကို အားကျတုပအပ်လှပေကြောင်း။

များစွာသော ပျိုရွယ်သူတို့သည် နိမ့်ရာမှ မြင့်ကြသည်မှာ လွန်စွာတတ်မြောက်သောကြောင့်မဟုတ်၊ ငင်းဆွဲငင်သော သတ္တိထူးရှိသောကြောင့်ဖြစ်လေရာ ငါတတ်သည်ဟူသော ပညာမာနရှိသူတို့မှာ ငင်းတို့၏မာနက လွှမ်းမိုးပိတ်ဆို့သဖြင့် ကြီးမြင့်ရန် ခက်ကြလေသည်။ သို့ဖြစ်၍ ပျိုရွယ်သောသူယောကျ်ားသည် အဘယ်မျှလောက် လောက၌ ကြီးမြင့်မည်ကို ပညာကိုကြည့်၍ အကဲမခတ်အပ်။ လူပေါင်းဆံ့ခြင်း၊ စိတ်ကောင်းခြင်းကို အထူးကြည့်၍ အကဲခတ်အပ်ပေကြောင်း။ အဘယ်ကြောင့်ဆိုသော် လူတတ်လူတော်တို့သည် အများအားဖြင့် မိမိတို့လောက်မတတ်သောသူတို့ ခိုင်းစေရာကိုခံရသောကြောင့် ဘုရားကား အောက်၊ မျောက်ကား အထက်ဟု မခံချင်သော လူတတ်များက ပြောတတ်ဆိုတတ်ကြလေသည်။ ထိုသတ္တိထူးရှိသူတို့ ကြီးမြင့်တတ်ခြင်းမှာ အခြားကြောင့်မဟုတ်။ မိတ်ကောင်း၊ ဆွေကောင်းကို ရလွယ်ခြင်းကြောင့်ဖြစ်လေရာ လောက၌ အဆွေခင်ပွန်းကောင်းသည် အရေးအကြီးဆုံးဖြစ်သည်ကို သိန်းမ၊ သိန်းဖိုတို့ ဝံလို-ရေလိပ် ရန်ကိုနိုင်သော ခြသေ့်မင်းနှင့် ပေါင်းသင်းကြရသောကြောင့် မိမိတို့၏ သားသမီးအသိုက်အအုံမပျက်၊ ချမ်းသာစွာနေရသောထုံးကို နှလုံးသွင်းအပ်ကြလေသည်။ များစွာသောသူတို့မှာ စည်းစိမ်ဥစ္စာ ပျက်စီးပြီးနောက် အဆွေခင်ပွန်းမပျက်စီးသဖြင့် ပြန်၍ထူထောင် ကြီးမြင့်ခြင်းကို ရောက်ကြသည်ကို အများကြီး တွေ့ရှိနိုင်ကြလေသည်။

သူတစ်ပါးအပေါ်မှာ နပ်ချင်ပါးချင်လျက် ကိုယ်ရဖို့ကို အမြဲကြံပြီး ကပ်စေးနဲတတ်လေရာ ကိုယ့်ဥမှ ကိုယ့်ဟာမှတ်ထင်သောသူတို့ကို မည်သူမျှ အပေါင်းအသင်းမလုပ်လိုကြချေ။ ပြုံးလျှင် တကယ်ထိထိရောက်ရောက်ပြုံး၊ လက်ဆွဲနှုတ်ဆက်လျှင် စိတ်ပါကိုယ်ရောက်ကိုင်ဆွဲ၍ သူ့လက်ကိုကိုင်ရတာ အရသာရှိသဖြင့် ချက်ချင်းလွှတ်၍မပစ်နိုင်သလို နှုတ်ဆက်ရမည်။ ထိုလူမျိုးသည် တက်နေ၏ အလင်းရောင်နှင့်တူ၏။ အလွန်စိတ်တိုသောသူသော်မှ လက်ခံစကားမပြောဘဲ မနေနိုင်ချေ။

လူတစ်ယောက်မှာ အဘယ်မျှပင် အလုပ်ရှုပ်၍ မည်သူကိုမှ လက်ခံစကား မပြောလိုပေရာ ဤနေရောင်ခြည်အလင်းကို ဆောင်၍လာသောသူကိုမူကား လက်ခံစကားမပြောဘဲ မနေနိုင်ချေ။

ဤကဲ့သို့ အကြောင်းအရာကို စာသင်ကျောင်းများ၌ မသင်မပြကြသည့်အတွက် ပညာတတ်သူများစွာတို့မှာ လူရိုင်းသာသာမျှ ရှိကြသောကြောင့် ငင်းတို့ရရှိသောပညာမှာ များစွာအသုံးမဝင်ဘဲ နေရလေသည်။ ဤကဲ့သို့ ယဉ်ကျေးဖွယ်ရာသောသူတို့ကို မည်သူမျှ စော်ကားခြင်းမပြု၊ ထိပါးနာကျင်အောင်၊ သေးနုပ်အောင် မလှောင်မပြောင်၊ မထီမဲ့မြင်လည်း မပြု၊ ထိုလူမျိုးကိုမြင်လျှင် အလိုလိုအားနာပြီး စကားမပြောမီကပင် အားပါချင်သလိုလိုဖြစ်၍ နေတတ်လေသည်။

သို့ဖြစ်၍ ကျောင်းကပညာကိုသာ အားမကိုးဘဲ လူလူချင်း ပေါင်းသင်းဆက်ဆံခြင်းဆိုင်ရာ မျက်မြင်လက်တွေ့ပညာကို အထူးအားကိုးကြရန် သတိပြုအပ်လေသည်။ စာအုပ်ထဲမှရသော ပညာသည် အခြားအဖိုးတန်သောပညာဖြစ်၏။ သို့သော်လည်း လူလူချင်းပေါင်းသင်း၍ သိမြင်တတ်ကျွမ်းသော လက်တွေ့ပညာသည်ကား အဖိုးမဖြတ်နိုင်သော ပညာ ဖြစ်လေသည်။ သို့ဖြစ်၍ အပေါင်းအသင်းကို များနိုင်သမျှများအောင် ကြိုးစားသင့်ကြလေသည်။ မိတ်ဆွေများက အသိများသည်။ အသိများက အလိမ္မာတိုးသည်။ အလိမ္မာတိုးက အပေါင်းတတ်သည်။ အပေါင်းတတ်လျှင် ထပ်မံ၍ အသိမိတ်ဆွေတွေ ထပ်မံဆင့်ကဲပွားများမြဲလေသည်။

သို့ဖြစ်၍ အသိမိတ်ဆွေအသစ်ကိုရဖို့ အခန့်သင့်သည့်အခါတိုင်း မပေါ့မလျော့ မိတ်ဆွေဖွဲ့ဖို့ရန် သတိပြုသင့်ကြလေသည်။ အကြောင်းမူကား လူဟူသမျှ ငင်းပေါင်းသင်းခြင်း၌ ပေါင်းသင်းတတ်လျှင် သိဖို့ကြားဖို့ အလိမ္မာရဖို့ လမ်းအခွင့်တွေကို အမြဲတွေ့ရှိနိုင်လေရာ အခါများစွာ ထိုလမ်းအခွင့်များသည် အဖိုးမဖြတ်နိုင်အောင် ထိုက်တန်တတ်လေသည်။

ပေါင်းသင်းဆက်ဆံခြင်း၌ ဓာတ်ရေသဘောရိုးထား၍ ပရိယာယ်မပါဘဲ မသိဘဲလျက် သိလေဟန်၊ မလိမ္မာဘဲလျက် လိမ္မာလေဟန် မပြုအပ်။ ကိုယ်တွင်းမှ အနှစ်သာရသည် သူ့ထက်ပိုပြီးရှိသည်ဟု အထင်ခံရအောင် မလုပ်ကောင်းချေ။ ထိုကဲ့သို့ ပြုလုပ်ဟန်ဆောင်သောအခါ များစွာအရှက်ကွဲဖို့ အကြောင်းနှင့် တွေ့တတ်လေသည်။

ငြင်းခုံခြင်း၊ နက်နဲသူတစ်ယောက်အဖြစ် ဟန်ဆောင်ခြင်း၊ ငါတတ်သည်၊ လိမ္မာသည်ဟု အထင်ခံရအောင် အရိပ်နိမိတ်ပြောခြင်း၊ စကားပြောရာ၌ မိမိအပေါ်မှာ သူတစ်ပါးအထင်ကြီးအောင် ကြွားလုံးကလေးတွေကို ညှပ်၍ပြောခြင်းသည် အသိအလိမ္မာရှိသောသူ၏ ရှေ့သို့ရောက်သည့်အခါ အထင်ကြီးခြင်းကိုမခံရ၊ အထင်အမြင်သေး၍ ရှုတ်ချခြင်းကို ခံရတတ်လေသည်။

လောက၌ စင်စစ်အားဖြင့် မည်သူ့မှာမှ မော်မောက်ကြွားဝါလောက်သောဂုဏ်မရှိ၊ မိမိထက်သာသော လူတွေကို မော်ကြည့်ကာ နှိမ့်ချသောစိတ်ရှိသင့်လှပေသည်။ မမြင့်လျှင် မကျဟု စိတ်ချအပ်လှပေသည်။

ကျုပ်လေ ဘယ်လောက်ရတယ်၊ ကြားက ဘယ်၍၊ မိမိစရိတ်က တစ်လသုံးရာနဲ့ ဘာလောက်မလဲ၊ သားကြီးက တစ်လဘယ်လောက်သုံးတာပဲ၊ စိန်ဝယ်ဖို့ပြောတာက မတည့်သေးဘူး။ မော်တော်ကားပျက်နေလို့မို့ ကားတိုက်မှာ အပ်ထားတာနဲ့ လန်ချားစီးနေရတယ်။ ဒရိုင်ဘာက တစ်လ ၄၀ ဆိုပေမယ့် ခိုးတာနဲ့ဘာနဲ့ တစ်ရာ့ငါးဆယ်လောက်တော့ ခိုက်သွားတာပဲ စသည်ဖြင့် ပြောသောစကားများသည် ယခုကာလ လူတိုင်းကြွားလုံးဟု မနာလိုကြွလုံးတွေ ဖြစ်ကြလေသည်။

**ဒဂုန်မဂ္ဂဇင်း၊ နံပါတ် ၆၉၊ မေလ။**

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**စည်းရုံးမှုစွမ်းရည်ရှိပါစေ**

"သင်ဟာ တစ်စုံတစ်ရာကို အိပ်မက်မက်နိုင်လို့ရှိရင် သင်ဟာ အဲဒါကို လုပ်နိုင်စွမ်းရှိတာပါပဲ"

**ဝေါ့ဒစ္စနေ (walt Disney)**
**ကမ္ဘာကျော်ရုပ်ရှင်ထုတ်လုပ်သူ**



အောင်မြင်ကြီးပွားချမ်းသာမှုရရှိလာနိုင်ရန် အရေးအပါဆုံးသောအချက်မှာ စည်းရုံးရေးစွမ်းရည်ရှိမှုပင် ဖြစ်သည်။ သင်မည်မျှစည်းရုံးနိုင်စွမ်းရှိသနည်း ဟူသည့်အရာက လူတစ်ဦးချင်း၏ အောင်မြင်ကြီးပွားချမ်းသာမှုတွင် ကွာခြားလာသည့် အချက်လည်းဖြစ်သည်။

ထို့ကြောင့် ညင်သာသည့်စည်းရုံးရေးဗျူဟာရှိရန်လိုအပ်သည်။

လူတစ်ယောက်သို့မဟုတ်ဖောက်သည်တစ်ယောက်မှသည် ရာထောင်ပေါင်းများစွာကို လွှမ်းမိုးလိုသည့်အခါ သူတို့၏ နှစ်သက်မှု၊ လိုလားမှုကိုအရယူပြီး သံယောဇဉ်နှောင်ဖွဲ့တတ်ရမည် ဖြစ်သည်။

သို့ဆိုလျှင် သင်သည် ကုမ္ပဏီဥက္ကဋ္ဌ ဖြစ်လျှင် ဒါရိုက်တာအဖွဲ့ကို ဦးဆောင်စည်းရုံးနိုင်ပေမည်။ အရောင်းသမားမန်နေဂျာတစ်ဦးဖြစ်လျှင် ဖောက်သည်များ၏ယုံကြည်မှု များစွာရရှိအောင် စွမ်းဆောင်နိုင်ပေမည်။

ကျောင်းဆရာ ဆရာမတစ်ဦးဖြစ်လျှင် ကျောင်းသားပေါင်းများစွာကို ယဉ်ကျေးအောင်၊ နားဝင်အောင် သွန်သင်ဆုံးမနိုင်စွမ်းရှိပေမည်။ အိမ်ထောင်ဦးစီးတစ်ဦးဖြစ်လျှင် မိမိ၏မိသားစုကို ကောင်းစွာဦးဆောင်ဦးရွက်ပြုနိုင်မည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဖြစ်လျှင်လည်း ရွယ်တူသူငယ်ချင်းများ၊ အတန်းဖော်များကြားတွင် ချစ်ခင်လေးစားမှုရရှိပြီး ရေပန်းစားသူတစ်ဦးဖြစ်လာမည်ဖြစ်ပေသည်။

ယင်းတို့သည် စည်းရုံးရည်စွမ်းရည်၏ ထူးခြားမှု၊ အောင်မြင်မှုများပင် ဖြစ်သည်။

သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် လူအများကို ကိုယ့်ဘက်ပါလာစေရန် သိမ်းသွင်းနိုင်စွမ်းရှိသူတို့သည် အောင်မြင်ကြသူများဖြစ်လေသည်။

စည်းရုံးရေးစွမ်းရည်ရရှိရန်အတွက် နှုတ်ထွက်စကားက အရေးပါလှသည်။ စကားပြောစွမ်းရည် မြင့်မားသူများသည် စည်းရုံးရေးစွမ်းရည်ရှိကြသည်။ စကားအပြောအဆိုတတ်မှု၊ သက်ဆိုင်ရာနယ်ပယ်အလိုက် အခြေအနေနှင့် အချိန်အခါကိုလိုက်ပြီး ပြောဆိုနိုင်စွမ်းရှိရန် အထူးလိုအပ်သည်။

အချို့နေရာများတွင် "ငါ"ဟု သုံးနှုန်းပြောဆိုမည့်အစား "ငါတို့"ဟု ပြောဆိုသုံးနှုန်းလိုက်ခြင်းအားဖြင့် မိမိအဖွဲ့အစည်းကို ကိုယ်စားပြုသကဲ့သို့ဖြစ်သွားသည့်အတွက် အလိုလိုစည်းရုံးပြီးသားဖြစ်သွားသည်။ မိမိအသင်းအဖွဲ့၊ မိမိအဖွဲ့အစည်းအတွင်းမှာ အလိုလိုလေးစားချစ်ခင်မှုကို ရယူလိုက်နိုင်မည်လည်း ဖြစ်သည်။

တူညီသည့် ရည်မှန်းချက်များနှင့် ပုရွက်ဆိတ်များ၊ ခြများကဲ့သို့ ညီညီညာညာ လုပ်ဆောင်မှုက တောင်ပို့ကြီးတစ်လုံးဖြစ်လာသည်ဖြစ်ရာ လုပ်ငန်းခွင်အတွင်းဖြစ်စေ၊ ရပ်ကွက်အတွင်းဖြစ်စေ၊ ကျောင်းစာသင်ခန်းအတွင်း ဖြစ်စေ အချင်းချင်းရင်းနှီးကျွမ်းဝင်မှုများ ရရှိလာပြီး လူမှုဆက်ဆံရေး တွင်ကျယ်လာပေမည်။ ထိုအခါ လူအများက ကိုယ်ပိုင်အသိစိတ်ဓာတ်များဖြင့် ကြည်ဖြူစွာ တာဝန်ကိုယ်စီယူလာကြမည်မှာလည်း သေချာသည်။

ရင်းနှီးကျွမ်းဝင်မှု၊ သံယောဇဉ်ရှိမှုတို့က ယုံကြည်မှုကို အလွယ်တကူ တည်ဆောက်ရယူနိုင်စွမ်းရှိရုံသာမက အချင်းချင်းသည် ညီအစ်ကိုမောင်နှမများကဲ့သို့ ချစ်ခင်ရင်းနှီးပျော်ရွှင်ကြပြီး သက်သောင့်သက်သာ ချောင်ချောင်ချိချိဖြင့် အားတက်သရောရှိကြပေမည်။ လူရောစိတ်ပါ သက်သာချောင်ချိမှုကို ရရှိကြသည်ဖြစ်၍ အလုပ်နှင့်ပတ်သက်လာလျှင်ဖြစ်ဖြစ်၊ မည်သည့်ကိစ္စမျိုးပင် ဖြစ်ပေါ်စေကာမူ ကောင်းကျိုးလိုလားမှုရှိနေပြီးဖြစ်သည့်အတွက် အမှန်တရားကို အတူတကွရှာဖွေဖော်ဆောင် တည်ဆောက်နိုင်ကြသဖြင့် အောင်မြင်မှုအသီးအပွင့်များစွာကို ရရှိပိုင်ဆိုင်လာနိုင်မည်လည်းဖြစ်သည်။

သို့ဖြစ်သောကြောင့် အချင်းချင်း ဆက်ဆံရာတွင် ယဉ်ယဉ်ကျေးကျေးဖြင့် ချိုသာသောအမူအရာများက လူအများကိုဆွဲဆောင်နိုင်စွမ်းရှိကြောင်း သိပြီးဖြစ်ကြသည့်တိုင် မာန်၊ မာန၊ အတ္တတို့ကို ရှေ့တန်းတင်ကာ ဂုဏ်မောက်မှုမျိုးများလည်းရှိတတ်ပေရာ အထူးသတိထားဆင်ခြင်ရမည့်အချက်ပင်ဖြစ်ပေသည်။

စည်းရုံးရည်စွမ်းရည် ရှိသူသည် သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ခေါင်းဆောင်မှုအပိုင်းကို အလိုလိုရောက်ရှိလုပ်ဆောင်ရသည်ချည်းဖြစ်သည်။ ယင်းတို့သည် လင်းယုန်နှင့် သိန်းငှက်တို့ကဲ့သို့ အမြော်အမြင်ကြီးမားပြီး အမြင်ကျယ်ကြသည်။ ထို့အပြင် ပုရွက်ဆိတ်များကဲ့သို့လည်း ဆက်သွယ်ရေးကောင်းကြသည်။ ဆက်သွယ်ရေးလမ်းကြောင်းကိုကျွမ်းကျွမ်းကျင်ကျင်သုံးတတ်ကြသူများဖြစ်သည်။

အောင်မြင်သည့် ဦးဆောင်သူများသည် ဆက်သွယ်ရေးပုံစံ နှစ်မျိုးရှိသည့် အနက် ခက်ထန်ရက်စက်သည့် အကြမ်းနည်းကို ရှောင်ရှားပြီး အနုနည်းဖြစ်သည့် စည်းရုံးရေးနည်းဗျူဟာများကို သုံးကြလေ့ရှိသည်။

ထို့ကြောင့် လူအချင်းချင်းတန်ဖိုးထားလေးစား၊ ချစ်ခင်မှုကိုရှေ့တန်းတင်ပြီး မိမိလိုလားသည့် ပန်းတိုင်၊ အိပ်မက်ကို စွဲစွဲမြဲမြဲလက်ကိုင်ထားရှိကာ စည်းရုံးရေးစွမ်းရည်ကို မြှင့်တင်စွမ်းဆောင်နိုင်ခြင်းအားဖြင့် အနာဂတ်ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိပိုင်ဆိုင်လာနိုင်မည်မှာ အသေအချာပင် ဖြစ်ပေတော့သည်။

# တကယ်ဖြစ်ချင်သလား

မောင်ထူးချွန်

တကယ်ဖြစ်ချင်သလား။

တကယ်ဖြစ်ချင်ရင် တကယ်လုပ်အဟုတ်ဖြစ်ရမယ်။ မောင်တို့မယ်တို့အနေနဲ့ ဖြစ်ချင်တယ်ဆိုတဲ့ ဆန္ဒအပေါ်မူတည်တယ်။ ဖြစ်ချင်တဲ့ဆန္ဒရဲ့ အတိမ်အနက်အပေါ်တော့ မူတည်တာပေါ့ကွယ်။

မောင်တို့မယ်တို့ဟာ တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူတွေဆိုရင် သူငယ်တန်း၊ ပထမတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ စာသင်ကျောင်းမှာ ဆယ်နှစ်ကျော်နေလာခဲ့ပြီနော်။ ပထမဆုံးကျောင်းစတက်တဲ့ရက်ကစတင်ရေတွက်ကြည့်ရင် ရက်ပေါင်း ၃၆၅၀ ကာလကို ဖြတ်သန်းရင့်ကျက်လာခဲ့ပြီပေါ့။

ဒီနေ့ မောင်တို့မယ်တို့ရောက်ရှိနေတဲ့ တက္ကသိုလ်ဝင်တန်းဟာ ပစ္စုပ္ပန်ကာလရဲ့ အချိန်ပဲ။ ဖြတ်သန်းခဲ့ပြီးတာ ဆယ်နှစ်ကာလရှိပြီ။ နောင်အနာဂတ်ကာလ ဆယ်နှစ်ဆိုတာလည်း မလွဲမသွေ ရောက်ရှိလာဦးမှာပါပဲ။ အခုလို သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းအထိ ဖြတ်သန်းခဲ့ရတဲ့ခရီးမျိုး၊ ကာလမျိုး၊ အခြေအနေမျိုးနဲ့တော့ မတူနိုင်ဘူးပေါ့။

ဘာကြောင့်လဲဆိုတော့ အသက်အရွယ်အရ (၁၆) နှစ်ကနေ (၂၆) နှစ်တာ ကာလအပိုင်းအခြားမှာ လူတစ်ယောက်ရဲ့ အချိန်ကာလဟာ အလွန်တရာ အပြောင်းအလဲ အလှူးအလိမ့်များတဲ့ ခရီးကြမ်းတစ်ခုလည်း ဖြစ်တတ်လို့ပဲကွယ်။ အနာဂတ်ဆယ်နှစ်ဟာ မောင်တို့မယ်တို့ ရှေ့မှောက်ကို ဖြုန်းဆိုပြီး ဘွားခနဲ ပေါက်ချလာမှာဖြစ်တယ်။ မောင်တို့မယ်တို့အနေနဲ့ ကြိုတင်ပြင်ဆင်ထားရမယ့်အချိန်လည်း ရောက်ပြီပေါ့ကွယ်။




ဘာတွေပြင်ဆင်ထားရမလဲဆိုရင်

၁။ စိတ်ကူးစိတ်သန်းအတွေး၊ အမြော်အမြင်၊ ကြိုတင်မြော်တွေးထားမှု **(Plan)**

၂။ ရည်မှန်းချက်တာဝန်၊ အကောင်အထည်ဖော်ရမယ့်အလုပ်**(Goal)**

၃။ အပြုအမူ၊ တကယ်လုပ်ဆောင်ချက်၊ ထမြောက်အောင် အကောင်အထည်ဖော်မှု**(Performance)**

ကိုယ်တိုင်ဖြတ်သန်းခဲ့ရတဲ့ အဖိုးတန်အတွေ့အကြုံတွေကို အသုံးချကာ ရှေ့ဆက်ရမယ့် အနာဂတ်ဆယ်နှစ်မှာ ရဲရဲရင်ဆိုင်ဖြတ်သန်းကြရမှာ ဖြစ်တယ်။

"ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ ရဲရဲစိတ်ကူး၊ ကြီးကြီးမျှော်မှန်း၊ မှန်တာလုပ်၊ ဟုတ်တာပြော"ဆိုတဲ့ လူကြီးသူမတွေရဲ့ ဆိုရိုးစကားအတိုင်းပါပဲ။ ဒါကြောင့် ရှေ့လာမယ့် ဆယ်နှစ်တာကာလကို ရင်ဆိုင်ရာမှာ အဆင်ပြေချောမွေ့နေအောင် မဖြစ်မနေလုပ်ဆောင်ရမယ့် အသိလေးကို သတိတရလုပ်ဆောင်နိုင်ဖို့ လိုပါတယ်။

ကြိုတင်မျှော်မှန်းပြီး လျာထားပါ။

စီမံကိန်းချပါ။

လမ်းပြမြေပုံခင်းကြည့်ထားပါ။

ဒီလောက်ဆိုရင် အနာဂတ် ဆယ်နှစ်တာကာလဖြတ်သန်းမှုမှာ ဟိုချော်ဒီချော် မျက်စိမလည်နိုင်တော့ဘူးပေါ့ကွယ်။

ပြီးခဲ့တဲ့ဆယ်နှစ်ဆိုတဲ့ ရက်ပေါင်း ၃၆၅၀ ဆိုတာ အရှိန်အဟုန်နဲ့ ရွှေ့လျားဝင်ရောက်ဖြတ်သန်းသွားခဲ့ပြီးပြီ။ အလွန်မြန်လွန်းတဲ့အချိန်တွေပါပဲ။ ကျော်ဖြတ်သွားတာ ဟုတ်မှဟုတ်ပါလေစလို့ ထင်စရာကောင်းတယ်။ တကယ်တော့ ဆယ်နှစ်တာကာလက ကုန်ဆုံးသွားခဲ့ပြီပေါ့။

ပစ္စုပ္ပန်ဆိုတာ လျှပ်တစ်ပြတ်အတွင်းမှာပဲ အတိတ်အဖြစ် တရိပ်ရိပ်ဖြတ်သန်းကွယ်ပျောက်သွားတာဖြစ်လို့ သေသေချာချာ သတိကပ်ပြီး ဆင်ခြင်လိုက်ရင် ထင်ထင်ရှားရှား မြင်လိမ့်မယ်။

အရာရာဟာ ပြောင်းလဲချုပ်ငြိမ်း ကြွေပျက်သွားတဲ့သဘောကို တွေ့ရမှာလည်းဖြစ်တယ်။

မောင်တို့မယ်တို့လို အနာဂတ်မျိုးဆက်သစ်လူငယ်တွေအနေနဲ့တော့ အညွန့်တလူလူ အားမာန်အပြည့်နဲ့ ရှေ့လာမယ့် ခရီးတစ်လျှောက်ကို မြော်တွေးရင်း မိမိလိုချင်တဲ့၊ မိမိဖြစ်ချင်တဲ့ဘဝမျိုးကို တည်ဆောက်ရယူနိုင်စွမ်း အခွင့်အရေးတွေ အများကြီးရှိနေတယ်။

အဲဒီအခွင့်အရေးတွေကို အမိအရဆုပ်ကိုင်ပြီး ကြိုးစားရုန်းကန်ကြရမယ်။ ကြိုးစားတဲ့နေရာမှာ ခွဲ၊ လုံ့လ၊ ဝီရိယဆိုတဲ့ ရဲသုံးဖော်ကိုလက်တွဲကာ ကျားကုတ်ကျားခဲ လုပ်ဆောင်ကြရမှာလည်းဖြစ်တယ်။ ဆယ်နှစ်တာကာလဖြစ်တဲ့ အသက် (၁၆) နှစ်ကနေ (၂၆) နှစ်တာ ကာလအချိန်ဟာ မောင်တို့မယ်တို့ရဲ့ အနာဂတ် ဖြတ်သန်းရမယ့်ဘဝကို ထုဆစ်ပုံဖော်ဖို့ အကောင်းဆုံးအနေအထားပါပဲ။ ပုံဖော်လိုက်နိုင်တဲ့အတိုင်း ဘဝကိုရရှိပိုင်ဆိုင်မှာလည်း ဖြစ်တယ်။ ဖြစ်ချင်တဲ့ဆန္ဒကို အကောင်အထည်ဖော်ရာမှာတော့ မိမိကိုယ်ကို အလိုလိုက်နေလို့တော့မရဘူး။ ပေါ့ပေါ့နေ ပေါ့ပေါ့စားလို့တော့ မရဘူးပေါ့ကွယ်။

ထိုက်တန်တဲ့ရင်းနှီးမြှုပ်နှံမှုတော့ ရှိကိုရှိရမယ်ကွယ့်။

ဘယ်အရာမှ အလကားမရနိုင်သလို ဘယ်အရာမှလည်း လွယ်လင့်တကူ မရနိုင်ပါဘူး။ အခွင့်အရေးကောင်းတွေဟာ လူတိုင်းလူတိုင်းကို တစ်ချိန်ချိန်မှာ ပေးကိုပေးလာတာပါပဲ။ ပေးလာတဲ့အချိန်မှာ မိမိကိုယ်တိုင်က အမိအရဖမ်းဆုပ်နိုင်ဖို့ပဲလိုတာပါ။

ဒါကြောင့် ဆယ်နှစ်ဆိုတဲ့ အနာဂတ်ကို အဝေးကြီးလို့ထင်မှာစိုးလို့ မောင်တို့မယ်တို့အနေနဲ့ လက်ငင်း၊ ချက်ချင်း၊ ယနေ့ပဲ၊ အခုကိုလိုက်နာလုပ်ဆောင်ကြရမယ့် မျက်မှောက်ကိစ္စတွေကို ထပ်မံအသိပေးလိုက်ပါတယ်။

၁။ မြင်ကွင်းကျယ် အမြင်ကျယ်ကျယ်ကြည့်ပါ။ ဗဟုသုတရှိအောင် အမြဲလေ့လာဆည်းပူးပါ။

၂။ ရည်မှန်းချက်ထား၊ ဖြောင့်ဖြောင့်သွား၊ တည့်တည့်သွား၊ အတားအဆီးအခက်အခဲတွေ့ရင်လည်း ကျော်လွှားပြီး သွားသာသွား။

၃။ အားထုတ်မှု၊ လုံ့လဝီရိယပြင်းပြင်းထား။ ထက်ထက်သန်သန် အားစိုက်ပြီး အရှိန်အဟုန်နဲ့ လှုပ်ရှားပါ။

မောင်တို့မယ်တို့ လူငယ်လူရွယ်တွေသတိရရမှာက ဆယ်နှစ်ဆိုတာ ဘာမှမကြာလိုက်ဘူးဆိုတာပါပဲ။ တကယ်ဖြစ်ချင်ရင် တကယ်လုပ်၊ အဟုတ်ဖြစ်လာမယ်။ ဘဝမှာ အောင်မြင်ကြီးပွားတိုးတက်ချမ်းသာမှုဟာလည်း လက်တစ်ကမ်းမှာပဲရှိလို့ အမှန်အကန်ကြိုးစား၊ ရုန်းကန်ကြရမှာပေါ့ကွယ်။ ။

# သင့်အမြင်တွင် တာဝန်ရှိပါစေ

အောင်မြတ်စည်သူ

"အာရုံအမြင်တစ်ရပ်က ဘာလဲဆိုတာက အကြောင်းမဟုတ်ဘူး။ အဲဒီအာရုံက ဘာဖြစ်စေတယ်ဆိုတာက အကြောင်း"ဟု ရောဘတ်ဖရစ်က ဆိုသည်။

သင့်စိတ်ကူးအမြင်က သင့်ကို ဘာလုပ်ပေးသလဲ။ သင့်ကို စွမ်းအားပေးသလော။ သင့်ကို ပြုံးစေသလော။ သင့်ကို နံနက်အိပ်ရာမှ နိုးစေသလော။ သင်နွမ်းနယ်နေသောအခါတွင် သင့်ကို အပိုတစ်မိုင်ဆောင်ပွားပါသလား။ စိတ်ကူးအမြင်တစ်ခုကို ဤမှတ်ကျောက်၊ အင်အားနှင့် ထိရောက်မှုမှတ်ကျောက်များဖြင့် အကဲဖြတ်သင့်သည်။ မည်သည့်အချက်ကို ယင်းကပြသနည်း။

ပီတာသန်ဂီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြောင်မြောက်သောလက်ရာဖြစ်သည့် The Fifth Discipline တွင် ရောဘတ်ဖရစ်ကို ကျယ်ကျယ်ပြန့်ပြန့် ညွှန်းထားသည်။ ဖရစ်သည် ဂီတဖွဲ့စည်းမှုပြုရာတွင် အသုံးပြုသော ဖန်တီးမှုနိယာမကိုယူ၍ အောင်မြင်သောလုပ်ငန်းရှင်များ ဘဝထူထောင်ရေးတွင် အသုံးပြုနေသော ဂီတသမားကောင်းတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ မည်သည့်အရာကို ဖန်တီးလိုသည့်အရာကို ဖန်တီးလိုကြောင်း သဲကွဲလာသောအခါတွင် ဘဝသည် ကောင်းမွန်လာသည်ဟု သူက ဆိုသည်။

လူအများစုသည် ယင်းတို့၏ နိုးထနေသော ကာလတစ်လျှောက်နီးပါးတွင် သူတို့၏ပြဿနာများ လွင့်ပါးသွားစေရန် ကြိုးစားလေ့ရှိသည်။ ဤဘဝတစ်လျှောက်လုံး ပြဿနာဖြေရှင်းရေးသည် အကျိုးပျက်နှင့်တန်ပြန်သက်ရောက်မှုတစ်ရပ်သာဖြစ်သည်။ ယင်းသည် ကျွန်တော်တို့ကို စံမမီဖြစ်စေပြီး ဘဝတာအဆုံး(သို့မဟုတ်) နေ့တာအဆုံး)တွင် ကျွန်တော်တို့အားပို၍နည်းပါးသော၊ ပြဿနာဟူသော နှစ်ထပ်ကွမ်းအနုတ်သရုပ်ဆောင်နှင့် ကျန်ရစ်စေခဲ့သည်။ ပြဿနာရှင်းခြင်းနှင့် ဖန်တီးခြင်းတွင် ကြီးမားသောကွာခြားမှုရှိသည်ဟု ဖရစ်က The Path of Least Resistance တွင်ဖော်ပြခဲ့သည်။

ပြဿနာဖြေရှင်းခြင်းသည် တစ်စုံတစ်ရာ ပြဿနာပျောက်ပျက်သွားစေရန် တစ်စုံတစ်ရာပြုလုပ်ခြင်းပင်ဖြစ်သည်။ ဖန်တီးခြင်းသည် တစ်စုံတစ်ရာဖန်တီးမှု သက်ဝင်လာအောင် ဆောင်ရွက်မှုတစ်ရပ်ပြုခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့အများစုသည် သမားရိုးကျပြဿနာဖြေရှင်းနည်းဓလေ့တွင် ကြီးပြင်းလာခဲ့ပြီး ဖန်တီးမှုဖြစ်စဉ်နှင့်ပတ်သက်၍ အထိအတွေ့ လွန်စွာနည်းပါးသည်။ ဖန်တီးမှုလုပ်ငန်းစဉ်တွင် ပထမခြေလှမ်းသည် သင် ဖန်တီးလိုသည့်အရာကို အာရုံခံစားမြင်ခြင်းပင်ဖြစ်သည်။ ဤအမြင်မရှိလျှင် ဖန်တီးမှုမရှိချေ။ ဤအမြင်မရှိလျှင် သင်သည် နှစ်ထပ်ကွမ်းအနုတ်သရုပ်ဖြစ်သော ပြဿနာချေမှုန်းမှုသာ ပြုနေသည်။ နှစ်ထပ်ကွမ်းအနုတ်သရုပ်ဖော်တွင် အခြေခံထားသော ဘဝနှင့်ပတ်သက်၍ အကျိုးပြုခံစားချက်ရှိရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် သင့်တွေးခေါ်မှုကို ပြောင်းလဲပစ်ရန်နည်းလမ်းကား သင် 'ငါ ဘာကိုရှင်းပစ်ချင်သလဲ'ဟု အတွေးသို့ မျောဝင်နေသည်ကို သတိပြုမိရန်နှင့် ထိုအတွေးကို စိတ်ပိုင်းအားဖြင့် 'ငါ ဘာဖြစ်ထွန်းစေချင်သလဲ' ဟုအစားထိုးရန်ဖြစ်သည်။ ဖရစ်က ပြဿနာဖြေရှင်းသည့်ဓလေ့ထုံးစံတွင် ကျွန်တော်တို့ ကြီးပြင်းလာခဲ့သည်ဟုဆိုခြင်းသည် လျော့ပေါ့သည့်အနေသို့ပင်ရောက်သည်။ ကျွန်တော်တို့သည် ထိုသို့ နိစ္စဓူဝတွေးမြင်အောင် ပုံစံချထား၊ ကြိုးချိတ်ထားခံရသူများပင်ဖြစ်သည်။ ပြဿနာတစ်ရပ်ကို ချဉ်းကပ်သည့်အခါ လူတို့တွေးချင့်ပုံကို သတိပြုပါ။ (တခြားသူတစ်ဦးနှင့် တွေ့ဆုံရန်ဟု သေးမွှားလှသောကိစ္စပင် ဖြစ်နိုင်သည်)

'ဒါမျိုးမဖြစ်ပါစေနဲ့လို့ ငါမျှော်လင့်တယ်'ဟု တစ်ယောက်ကဆိုနိုင်သည်။ 'ကိုင်း အဲဒါကို မင်းဒီလိုရှောင်နိုင်မယ်' နောက်တစ်ဦးက ရိုင်းရိုင်းပင်းပင်း ဆိုသည်။ 'ငါတို့မှာရှိတဲ့ တစ်ခုတည်းသောပြဿနာကဒါ...'တွေ့ဆုံမှုကိုကြောက်စရာနည်းပါးစေရန် ကြိုးပမ်းသည့်အနေဖြင့် တတိယတစ်ယောက်က ပြောမည်။

ဤမေးခွန်း–ဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီး ငါတို့ ဘာဖြစ်ထွန်းစေချင်သလဲကိုမူ တစ်ဦးတစ်ယောက်မျှ မဆန်းစစ်ခဲ့သည်ကို သတိပြုပါ။ ကိစ္စသည် တွေ့ဆုံမှုတစ်ရပ်မျှ သေးငယ်သည်ဖြစ်စေ၊ သင့်ဘဝတစ်ခုလုံး အကျုံးဝင်လောက်အောင် ကြီးကျယ်သည်ဖြစ်ပါစေ...သင့်ကိုယ်သင်မေးမြန်းနိုင်သော အသုံးဝင်သောမေးခွန်းကား 'ငါ ဘာဖြစ်စေချင်သလဲ' ဟုပင်ဖြစ်သည်။ ယင်းသည် မည်သည့်ပြဿနာ (သို့မဟုတ်) အဟန့်အတားကိုမျှ မရည်ညွှန်းသောကြောင့် လှပသောမေးခွန်းတစ်ခုဖြစ်သည်။ ယင်းသည် ဖန်တီးမှုစွမ်းရည်ဆန်သည်ကို ဖော်ကျူးသည့်သင့်ကို ဘဝ၏ကောင်းကွက်ဘက်သို့ တည်ပေးလေ့ရှိသည်။

ကျွန်တော့်မိတ်ဆွေ စတိဗ်အာဒီဆန်၏ ကိုယ့်စိတ်ကိုယ်မြှင့်တင်ရေးနှင့်ပတ်သက်၍ သုံးသပ်ချက်ကို ကျွန်တော်အမြဲတစေ အမှတ်ရသဘောတူညီခဲ့သည်။

"အတွေးတစ်ရပ်တည်းပဲ ဘဝမြှင့်တင်ရေးပို့ချချက်တွေက နည်းလမ်းအမျိုးမျိုးနဲ့ ထပ်လျော့လေ့ရှိတယ်။ ဒါပေမဲ့ အတွေးတစ်ရပ်ပဲဖြစ်တယ်။ ခွေးစနစ်တော့ရှိတယ်။ ခင်ဗျားအကောင်းမြင်လား၊ အဆိုးမြင်လားပဲ" ဟု သူကဆိုသည်။

သင်သည် အကျိုးပြုအဖြစ် ရှိပါသလား။ အကျိုးပျက်အမြင်ရှိပါသလား။ သင်သည် ဖန်တီးမှုပြုနေပါသလား။ တန်ပြန်မှုပြုနေပါသလား။ သင်က ရှင်ခြင်းလား၊ သေခြင်းလား။ သင်သည် နေ့လား၊ ညလား။ သင် အတွင်းလား၊ အပြင်လား။ သင်က သားလား၊ သင်က သင်မဟုတ်လား။

သင် အမှန်တကယ် မည်သည့်အရာကိုလိုချင်ကြောင်း အာရုံခံမြင်ခြင်းဖြင့် သင်၏ ခွေးခလုတ်ကိုဖွင့်သည်ထက် ပို၍ကောင်းသော ဘဝတိုးတက်မှုမရှိချေ။ သင် မည်သည့်အရာကို သက်ဝင်မှု ရှိစေချင်သနည်း။ သင် မည်သည့်အမြင်ရှိပြီး အကြိမ်မည်မျှပြောင်းလဲသည်က အကြောင်းမဟုတ်ချေ။ ထိုအာရုံခံအမြင်က မည်သည့်အချက်ပြုသည်သာလျှင် အရေးကြီးပါသည်။

သင့်အာရုံခံအမြင်က သင့်ကို နံနက်အိပ်ရာမှထအောင် မစေ့ဆော်နိုင်လျှင် နောက်အမြင်တစ်ခုကို ဖန်တီးပါ။ ရောင်စုံဝေဆာ သဲကွဲလှသောကြောင့် တွေးမိလိုက်သည့်အခါတိုင်း စိတ်ခါတ်တက်ကြွသွားစေသော အမြင်တစ်ခုသာ ဖွံ့ဖြိုးအောင်ဆောင်ရွက်ပါ။

**Ref: Be responsible in your opinion by Steve Chandler**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"မောင်မောင်ဦးနဲ့ နန်းကိန္နရီတို့ တွေ့သွားလည်း ဘာအရေးလဲကွယ်။ ညီမအနေနဲ့ ကင်းကင်းရှင်းရှင်း နေလိုက်ရင် ပြီးတာပဲမဟုတ်လား" ဆိုခဲ့သေးသည်။

"မဟုတ်ပါဘူး အစ်ကိုထွန်း၊ သူဟာ ဘယ်တုန်းက ကောင်းကျိုးပေးခဲ့ဖူးလို့လဲ။ သူတို့နဲ့ ပတ်သက်လို့ ခင်ကြီးတို့ ဘယ်နှခါများ စိတ်ချမ်းသာရဖူးလို့လဲ။ ဒါကြောင့် ခင်ကြီးနဲ့ ပတ်သက်လာသမျှ လူတိုင်းကို သင်းနဲ့ မဆက်စပ်စေချင်တာပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီး နာနာကြည်းကြည်း ဆိုခဲ့မိသည်။

အထူးသဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီအား ထိုသူနှင့် မဆက်စပ်စေချင်ဆုံးဖြစ်သည်။ ယခုတော့ မဆက်စပ်စေချင်ဆုံးသူက အဆက်စပ်ဆုံး ဖြစ်နေသည်။

နန်းကိန္နရီ ပြန်လာလျှင် ပွင့်ပွင့်လင်းလင်း ဖွင့်ဟတားဆီးမည်ဟု စိတ်ကူးသည်။ နန်းကိန္နရီတော်တော်နှင့် ပြန်မလာသောအခါ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

"သင်း လူ့လောကမှာ ရှိနေသရွေ့ ဒီသံသရာဟာ ဆက်ပြီး ရှည်နေဦးမှာပဲ"

သည်စဉ်က သည်အတွေးမျိုး ဒေါ်ရေနံ့သာခင်ခင်ကြီး၌ တစ်ကြိမ်ပေါ်ပေါက်ခဲ့ဖူးလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အံကို တင်းတင်းကြိတ်မိသည်လည်း ရှိသည်။ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်မိသည်လည်း ရှိသည်။

ကိုမောင်မောင်ဦးနှင့် ပတ်သက်၍ သည်းခံနိုင်စွမ်းသော အတိုင်းအတာသည် မိမိ၌ ကုန်ဆုံးခဲ့ပြီဟု ထင်သည်။ ယခုတော့လည်း အရာရာအတွက် စိတ်မရှည်နိုင်အောင်ပါပဲကလား။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒရိုင်ဘာအား ခေါ်ယူလိုက်သည်။ မော်တော်ကား အသင့်လုပ်ထားရန် ပြောလိုက်သည်။ ဒရိုင်ဘာက ကားကို အသင့်ဖြစ်စေရန် ဆင်ဝင်အောက်သို့ မောင်းလာချိန်၌ သူမသည် အဝတ်အစား လဲလှယ်ဝတ်ဆင်လျက် ရှိသည်။

အဝတ်ခေါက်များအောက်မှ သေနတ်ကို လက်နှင့် မတော်တဆ တိုက်မိသည်။

သေနတ်။ ဗိုလ်မှူးညိုထွန်း၏ သေနတ်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သေနတ်ကို အဝတ်ခေါက်များအောက်မှ စမ်းသပ်ထုတ်ယူလိုက်သည်။ ထို့နောက် လက်မှာကိုင်ကာ ကြာမြင့်စွာ စူးစိုက်ကြည့်နေမိသည်။

သေနတ်၏အဆင်းမှာ လှပသည်။ သွက်လက်သည်။ ပြောင်လက်နေသည်။ မိမိအား ကိုင်ပါယူပါဟု ဖိတ်ခေါ်နေသယောင်ပင်။

သေနတ်ကို ယူသင့်၊ မယူသင့် ချီတုံချတုံ ဖြစ်နေသည်။ ယူမည်ပြုပြီးမှ အဝတ်ခေါက်များအောက်သို့ ပြန်လည်ထိုးသွင်းလိုက်မိသည်။ အံဆွဲကို ဖြည်းညင်းစွာ ပြန်ပိတ်လိုက်သည်။ စိတ်ထဲမှာ တစ်စုံတစ်ရာ အတွက် မတင်မကျ ရှိရသလိုပင်။

သို့နှယ်ပင် ဒေါ်ရေနံ့သာခင်ခင်ကြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ ဆင်ဝင်အောက်တွင် ရပ်ထားသော မော်တော်ကားအတွင်း ဝင်ထိုင်လိုက်သည်။

"ဘယ်သွားမှာလဲ မမ"

ဒရိုင်ဘာက မေးသည်။

"နန်းကိန္နရီသွားတဲ့နေရာ"

ဒေါ်ရေနံ့သာခင်ခင်ကြီး ပြတ်ပြတ်တောက်တောက် အမိန့်ပေးလိုက်လေသည်။

x x x x x

[ ၅ ]

မိမိ၏ ရင်တစ်ခုလုံးပေါက်ကွဲခဲ့ရပြီဟု နန်းကိန္နရီ ထင်သည်။ ရင်ထဲမှာ ဘာမျှမရှိတော့သလို ဟာနေသည်။ သို့တိုင်အောင် နာကြည်းကြေကွဲခြင်းကို ခံစားနေရဆဲဖြစ်သည်။

မိမိနားကိုပင် မယုံချင်။ ဖြစ်နိုင်မည်ဆိုလျှင် အရာအားလုံးကို အိပ်မက်သာ ဖြစ်စေချင်သည်။ ကိုမောင်မောင်ဦး၏ စကားအားလုံး၊ မိမိကိုယ်တိုင် ကိုမောင်မောင်ဦးထံ ရောက်လာရသည့် အဖြစ်အားလုံး၊ ကြုံခဲ့သမျှ၊ ဆုံခဲ့သမျှ အရာအားလုံး၊ အို အားလုံးပဲ။ အားလုံးပဲ။ ဖြစ်ရပ်အားလုံး အိပ်မက်သာဆိုပါလျှင် အဘယ်မျှကောင်းလေမည်မသိ။

အိပ်မက်သာဆိုပါက အိပ်မက်မက်နေစဉ် တဒင်္ဂတွင်သာ ခံစားရမည်။ ယင်းအချိန်တွင်သာ နာကြည်းရှိုက်မက်ရမည်။ အိပ်မက်မှ လန့်နိုးလာချိန်တွင်မူ နာကြည်းရှိုက်မက်ရခြင်းတို့ကို ရယ်မောပစ်မည်ဆိုက ပစ်နိုင်ပါသေးသည်။ သို့ကလိုမဟုတ်ဘဲ ဤသည်ကိုပင် အတိတ်ကောက်ကာ မြူးရွှင်မည်ဆိုက မြူးရွှင်နိုင်ပါသေးသည်။ အိပ်မက်ဟူသည် အဆိုးကို မြင်မက်လျှင် အကောင်းဖြစ်တတ်သည်ဟု နိမိတ်ကောက်တတ်သူတို့က ဆိုကြသေးသည် မဟုတ်လား။

ယခုမူ ဖြစ်ရပ်တို့က အိပ်မက်မဟုတ်။ စိတ်အတွေး မဟုတ်။ တကယ်တမ်း ကြုံဆုံဖြစ်ပျက်နေကြခြင်းသာတည်း။

နန်းကိန္နရီ၏ရင်သည် ပြင်းစွာတုန်လှုပ်နေသည်။ သူ့တစ်ကိုယ်လုံးကိုလည်း ချောက်ချားမှုက လွှမ်းမိုးလျက်ရှိသည်။

ကိုမောင်မောင်ဦးက ရှည်လျားစွာ ရှင်းပြပြီးနောက် စကားဖြတ်လိုက်သောအခါ သူတို့အပါးမှာ တိတ်ဆိတ်ခြင်းသည်သာလျှင် ကြီးစိုးနေသည်။ နန်းကိန္နရီသည် တုန်လှုပ်ရလွန်းသောကြောင့် စကား မပြောနိုင်အောင် ရှိသည်။

နန်းကိန္နရီကိုကြည့်ကာ ကိုမောင်မောင်ဦး နားမလည်နိုင်အောင် ဖြစ်နေသည်။ စင်စစ် သူပြောသော စကားတို့ကြောင့် သည်မိန်းကလေးတွင် အံ့သြခြင်းကို ခံစားရလိမ့်မည်ဖြစ်ကြောင်း သူ ကြိုတင် စဉ်းစားထားခဲ့သည်။ သည်အဖြစ်ကို ကြိုတင်မျှော်လင့်ခဲ့သည်။ သည်မျှ အတုန်တုန် အလှုပ်လှုပ် ဖြစ်လာလိမ့်မည်ဟုမူ သူမထင်ခဲ့။ မမျှော်လင့်ခဲ့။

မိမိနှင့် နန်းကိန္နရီတို့ ဖအေတူမအေကွဲ မောင်နှမတော်စပ်ကြောင်းကြားရလျှင် ဝမ်းမြောက်ဝမ်းသာ မရှိနိုင်သည့်တိုင် ကျေနပ်ခြင်းရှိလိမ့်မည်ဟု မှတ်ယူခဲ့သည်။ ယခုမူ နန်းကိန္နရီ၏ အသွင်အပြင်တို့က ထူးခြားလှချေသည်တကား။

"ဦးမောင်မောင်ဦး ပြောတဲ့စကားတွေဟာ အမှန်တွေချည်းပဲလားဟင်"

နန်းကိန္နရီ အသံတုန်တုန်ဖြင့် မေးသည်။

"အမှန်တွေချည်းပဲပေါ့ နန်းကိန္နရီ။ မင်းညာတာ မကြိုက်ဘူးမဟုတ်လား။ ညာတာမကြိုက်တဲ့လူဟာ အညာမိမှာကိုလည်း စိုးရိမ်တတ်တယ်ဆိုတာ ကိုယ်နားလည်ပါတယ်။ ကိုယ်ပြောတဲ့စကားတွေကိုယုံပါ"

"အရီ ယုံပါတယ်။ အခုဟာက မယုံတာမဟုတ်ဘူး ဦးမောင်မောင်ဦး၊ မယုံဝံ့တာပါ"

"မင်း အမှန်အတိုင်း သိချင်တယ်ဆို။ အခု အမှန်တွေ သိရပြီလေ။ အမှန်သိရပြန်တော့လည်း မယုံဝံ့ပြန်ဘူးတဲ့လား နန်းကိန္နရီရယ်"

ကိုမောင်မောင်ဦး ညည်းညူသလို ဆိုလိုက်သည်။

နန်းကိန္နရီ၏မျက်ဝန်းတွင် မျက်ရည်ရစ်ဝဲလာလေပြီ။ ငိုရှိုက်လိုခြင်းက ကြီးစိုးထားသည်။ အော်ဟစ်ငိုယိုလိုက်ချင်သည်။

"ဒီလိုဆိုရင် ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ အရီနဲ့ ပတ်သက်လို့ အညာခံနေရတာပဲပေါ့။ အညာမိနေတာပဲပေါ့။ သူ့ရဲ့ အကြီးဆုံးရန်သူရဲ့ သမီးကို ပြုစုစောင့်ရှောက်မိသလိုဖြစ်နေတာပေါ့။ အို... ဒီအကြောင်းတွေ သူသိရရင် အရီ့ကို မွေးစားခဲ့တာနဲ့ ပတ်သက်လို့ ဘယ်လောက်များ ခံပြင်းလိုက်မလဲ၊ ဘယ်လောက်များ နောင်တရလိုက်မလဲ"

နန်းကိန္နရီ တစ်ကိုယ်တည်းပြောသလို ရေရွတ်ပြောဆိုနေသည်။

မျက်ရည်တို့သည် ပါးပြင်ပေါ်သို့ လိမ့်လျှောကျဆင်းလာသည်။

"ဒီအတွက် မင်းအနေနဲ့ ဝမ်းနည်းစရာ ဘာမှ မရှိပါဘူး နန်းကိန္နရီ။ ကိုယ့်မိဘကို ဘယ်သူ ဘယ်ဝါလို့ မသိရတာနဲ့စာရင် သိလာရတာက ပိုပြီး စိတ်ချမ်းသာစရာ ကောင်းပါသေးတယ်ကွယ်"

ကိုမောင်မောင်ဦး နှစ်သိမ့်သည်။

"အရီ မှားပြီ"

"ဟင်"

"ဟုတ်တယ်၊ အရီမှားပြီ။ ဒီအကြောင်းတွေ သိနိုင်အောင် ကြိုးစားတာ အရီ့အမှားပဲ။ အရင်ကလို ဘာတစ်ခုမှ မသိတာကမှ အရီ့အတွက် ကောင်းပါလိမ့်ဦးမယ်ရှင်"

ကိုမောင်မောင်ဦး ဘာမျှမပြောတတ်တော့သလို နန်းကိန္နရီ၏မျက်နှာကို စူးစိုက်ကြည့်နေသည်။

"ပြီးတော့လည်း အရီဟာ ဒီဦးကောင်းမိုးနဲ့ မခင်သန်းနွဲ့တို့ရဲ့ သမီးဖြစ်နေရမှာနဲ့စာရင် လူ့လောကမှာ လူလာမဖြစ်ခဲ့တာကမှ ကောင်းပါလိမ့်ဦးမယ်။ အရီ့ကိုယ်အရီ ဒီလောက်ကံဆိုးတဲ့ လူတစ်ယောက်ဖြစ်ခဲ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ အို .. သူတို့ရဲ့သမီး ဖြစ်မယ့်အစား သေလိုက်တာကမှ ကောင်းပါလိမ့်ဦးမယ်"

နန်းကိန္နရီ၏ မျက်နှာမှာ ရုတ်ခြည်း တင်းမာလာသည်။ ရုတ်ခြည်း ခက်ထန်လာသည်။ မျက်ဝန်းများသည် နဂါးစောင်းမာန်နှယ် ဝင်းလက်လာသည်။

"ဖြစ်ချင်ဖြစ်ရင် အရီ့ကိုယ်အရီ လမ်းပေါ်က သူဖုန်းစားတစ်ယောက်ရဲ့သမီးသာ ဖြစ်ချင်တယ်။ သုဘရာဇာရဲ့သမီးပဲ ဖြစ်ချင်တယ်။ အဲဒီလိုဖြစ်ခဲ့ရင် အရီ ဝမ်းသာမယ်။ အခုတော့ ဒီဦးကောင်းမိုးရဲ့သမီးမှ ဖြစ်လာရတယ်။ ဒီလူကြီးဟာ ဘယ်လောက် ကောက်ကျစ်ပြီး ဘယ်လောက် ယုတ်မာတယ်ဆိုတာ အရီ့ထက် ဦးမောင်မောင်ဦးက ပိုသိပါလိမ့်မယ်။ ပြီးတော့ မခင်သန်းနွဲ့။ သူကကော ဘာလဲဟင်။ မိန်းမရွှင်တစ်ယောက် မဟုတ်လား။ ဒီလိုလူမျိုးတွေကို မိဘတော်ရမယ့်အတွက် ဘယ်သူဝမ်းသာနိုင်မှာလဲ ပြောပါဦး"

နန်းကိန္နရီ၏စကားကြောင့် ကိုမောင်မောင်ဦး ကိုယ်တိုင် ခံပြင်းလာရသလို ရှိသည်။ ထိုစကားများအပေါ် မကျေနပ်နိုင်။ သို့ပေမဲ့ ယင်းမိန်းကလေး၏ စကားများကို မည်သို့ချေပရမည် မတွေးတတ်နိုင်သေး။

"ဒါပေမဲ့ ဒီလိုရှိတယ် နန်းကိန္နရီ"

ကိုမောင်မောင်ဦး တစ်စုံတစ်ခု ဖြေရှင်းမည်ပြုသည်။ သည်စဉ်

"ကိုမောင်မောင်ဦး"

အသံတစ်သံ ကြားရသည်။ အသံသည် အိမ်တံခါးဝဆီမှ လာသည်။ အသံကြောင့် ကိုမောင်မောင်ဦးရော နန်းကိန္နရီပါ ဆတ်ခနဲ တုန်သွားကြသည်။ အသံလာရာဆီသို့ လှည့်ကြည့်လိုက်မိကြသည်။

တံခါးပေါက် ပုဏ္ဏားကွယ်တိုင်ကိုကိုင်ကာ ရပ်နေသူ တစ်ယောက်ရှိသည်။ သူက ...

ခင်သန်းနွဲ့။

စင်စစ် ခင်သန်းနွဲ့သည် ပုဏ္ဏားကွယ်တိုင်ကို ကိုင်ကာ ရပ်နေခြင်းနှင့်မတူ။ လဲပြိုမသွားစေရန် ထိန်းကိုင်ကာ ကိုယ်ကိုအနိုင်နိုင် မှေးမှီထားရသည်ဟု ထင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အံကို တင်းတင်းကြိတ်မိသည်လည်း ရှိသည်။ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်မိသည်လည်း ရှိသည်။ ကိုမောင်မောင်ဦးနှင့် ပတ်သက်၍ သည်းခံနိုင်စွမ်းသော အတိုင်းအတာသည် မိမိ၌ ကုန်ဆုံးခဲ့ပြီဟုထင်သည်။ ယခုတော့လည်း အရာရာအတွက် စိတ်မရှည်နိုင်အောင်ပါပဲကလား။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒရိုင်ဘာအား ခေါ်ယူလိုက်သည်။ မော်တော်ကား အသင့်လုပ်ထားရန်ပြောလိုက်သည်။ ဒရိုင်ဘာက ကားကိုအသင့်ဖြစ်စေရန် ဆင်ဝင်အောက်သို့...

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ် ဝင်ဘယ်ဒန်တင်းနစ်ဖလား (၇) ကြိမ်မြောက်ဆွတ်ခူး



ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်ဟာ ဇူလိုင် ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဩစတြေးလျ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား နစ်ကျာဂျီယော့စ်ကို အနိုင်ရရှိခဲ့တာကြောင့် ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ နစ်ကျာဂျီယော့စ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ၄-၆၊ ၆-၃၊ ၆-၄၊ ၇-၆ (၇-)နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီလို အနိုင်ရရှိခဲ့တာကြောင့် ဂျိုကိုဗစ်ဟာ ဝင်ဘယ်ဒန် တင်းနစ်ဆုဖလားကို (၇) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်အနေနဲ့ အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ ဝင်ဘယ်ဒန် တင်းနစ်ဆုဖလားကို လေးကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ် နောက်ပိုင်း ဝင်ဘယ်ဒန်တင်းနစ် ပြိုင်ပွဲမှာ တစ်ပွဲမှ ရှုံးနိမ့်ခဲ့ခြင်းမရှိတဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ရယူပိုင်ဆိုင်ခွင့်ရရှိခဲ့ပါတယ်။

လက်ရှိအချိန်မှာ ဂျိုကိုဗစ်ဟာ ဂရန်းဆလမ်း ချန်ပီယံဆုဖလားကို ၂၁ ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး ဩစတြေးလျအိုးပင်း တင်းနစ်ဆုဖလားကို ကိုးကြိမ်၊ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို သုံးကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ခုနစ်ကြိမ်နဲ့ ပြင်သစ်အိုးပင်းတင်းနစ်ဆုဖလားကို နှစ်ကြိမ် စသဖြင့် ဂရန်းဆလမ်းဆုဖလားတွေ ရယူဆွတ်ခူးထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ငွေကြယ်

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း သုံးပွဲဆက်အနိုင်ရပြီး ဆက်လက်ဦးဆောင်

ရန်ကုန် ဇူလိုင် ၁၁

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့အဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် သုံးပွဲဆက်အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲဆက် ဂိုးပေးခဲ့ရသည့် ခံစစ်မှာလည်း ပထမဆုံးအကြိမ် ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၂) တွင် GFA ကို အနိုင်ရသည့် ပွဲထွက်လူစာရင်းမှ ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ အောင်ကျော်သူ၊ ကျော်ဇင်လွင်၊ ဟိန်းသီဟဇော်၊ အောင်လှိုင်ဝင်း၊ သက်ပိုင်ထွေး၊ နန္ဒကျော်၊ စိုးလွင်လွင်၊ မတ်ခ်ဆာကီ၊ ဆန်းဒေးမက်သရူးတို့ ပါဝင်ခဲ့သည်။ ရတနာပုံအသင်း ပွဲထွက်လူစာရင်းတွင်မူ ပြည့်ဖြိုးသူ (ဂိုး)၊ နိုင်ကိုကို၊ ဇော်ရဲထွန်း၊ သက်ဟိန်းစိုး၊ နောင်နောင်စိုး၊ မျိုးကိုထွန်း၊ ဘီဘီ၊ သက်နိုင်၊ ငြိမ်းချမ်းစိုး၊ သိုင်းဘွဲ့အောင်နှင့် ရဲရင့်အောင်တို့ ပါဝင်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ငါးမိနစ်မှာပင် ဘယ်တောင်ပံကစားသမား နန္ဒကျော်က ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းကာ ဂိုးစတင်သွင်းယူခဲ့သည်။

စောစီးစွာ ဂိုးရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲကိုထိန်းကစားခဲ့ပြီး ဂိုးပြန်မပေးရရန် ရတနာပုံတိုက်စစ်ကို စနစ်တကျပိတ်ဆို့ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းနောက်ပိုင်းတွင် ဂိုးထပ်မံရရှိနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်ခဲ့သလို မတ်ခ်ဆာကီ၏ အဝေးကန်ချက်များမှာလည်း လွဲချော်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် နိုင်ပွဲပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ သုံးပွဲစီကစားအပြီးတွင်ရှမ်းယူနိုက်တက်အသင်းက ပွဲတိုင်းအနိုင်ရကာ ကိုးမှတ်ဖြင့် ဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရတနာပုံအသင်းမှာမူ သုံးမှတ်ရရှိထားသည်။

ဇူလိုင် ၁၂ ရက်တွင် MNL ပွဲစဉ်များမရှိဘဲ ပွဲစဉ် (၃) လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁၃ ရက်တွင် GFA အသင်းနှင့် မြဝတီအသင်း၊ ဇူလိုင် ၁၄ ရက်တွင် ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း- ကိုညီလေး၊ ဓာတ်ပုံ- MNL

○ အာဆီယံမှ

မြန်မာအမျိုးသမီးအသင်းသည် တီမောနှင့် ကမ္ဘောဒီးယားတို့ကို အနိုင်ယူပြီးနောက် လာအိုအသင်းကို ထပ်မံအနိုင်ယူကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် အင်အားနည်းသည့် အသင်းများနှင့် ဆက်တိုက်တွေ့ဆုံနေခြင်းဖြစ်သော်လည်း ယင်းပွဲများတွင် လိုအပ်နေသည့် အနိုင်သုံးမှတ်အပြင် နည်းဗျူဟာနှင့် ကစားသမားများ၏ ခြေစွမ်းများ စမ်းသပ်ခဲ့သလို သုံးပွဲစလုံး မတူညီသည့် လူစာရင်းများဖြင့် ပွဲထွက်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူနေရသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းနှင့် စန်းသော်သော်ကို ပွဲထွက်လူစာရင်းတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ကာ ခင်မာလာထွန်း၊ ဇူးလတ်နဒီ (ဂိုး)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ဇွန်ယုယဦး၊ မြတ်နိုးခင်၊ နန့်ဇူးဇူးထက်၊ ပုံ့ပုံ့ပြည့်မောင်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း လာအိုအသင်းက ခံစစ်ကို စနစ်တကျပြင်ဆင်ကစားခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ ၃၉ မိနစ်တွင် လာအိုအသင်း ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သဖြင့် မြန်မာအသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရနေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးထပ်ရခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၆၃ မိနစ်တွင် ဂျူလိုင်ကျော်က တတိယဂိုးသွင်းယူခဲ့သည်။ ၆၅ မိနစ်တွင် လာအိုအသင်း ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း မြန်မာအသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

ယခုပွဲအပြီးတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲကစား သုံးပွဲနိုင် ရမှတ်ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း- ရဲရင့်လွင်
ဓာတ်ပုံ- MFF

# မော်လ်ဒိုက်နိုင်ငံ၌ကျင်းပမည့် အာရှကာယဗလပြိုင်ပွဲသို့ မြန်မာကာယဗလအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၁

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ၂၁ ရက် အထိ ကျင်းပမည့် အာရှကာယဗလပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ အားကစားသမားများ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ကာယဗလပြိုင်ပွဲ၌ ၅၅ ကီလိုတန်းတွင် ကျော်မင်းသန်း၊ ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်၊ ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်၊ အမျိုးသမီး Athletic Physique မီမီကျော်နိုင်က ၁၆၀ စင်တီမီတာအောက်၊ အေးသန္တာခိုင်က ၁၆၀ စင်တီမီတာအထက်၊ Athletic Physique ပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးတို့ သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ "သူတို့ကဆီးဂိမ်းမှာ ပြိုင်ထားတာ မကြာသေးတော့ အဲဒီမှာဆုတံဆိပ်ရတဲ့သူတွေပဲ သွားပြိုင်တာဆိုတော့ အခြေအနေကောင်းပါတယ်။ လေ့ကျင့်တာကတော့ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းကပဲ ဆက်တိုက်လေ့ကျင့်ကြပါတယ်"ဟု နည်းပြဦးအောင်နိုင်က ပြောသည်။

"ဒီအာရှပွဲနဲ့ဆို နှစ်ပွဲပါ။ ကမ္ဘောဒီးယား ဖိတ်ခေါ်ပြိုင်ပွဲ ၆၀ ကီလိုတန်းမှာ ရွှေ၊ အိန္ဒိယအာရှပွဲမှာ ငွေ၊ ချင်းမိုင်အာရှပွဲမှာ စတုတ္ထ၊ ၂၀၁၉ မြန်မာအိမ်ရှင်မှာ ၅၅ ကီလိုတန်းမှာ ရွှေ၊ ဗီယက်နမ်ဆီးဂိမ်းမှာ ကြေး ရရှိထားပါတယ်။ အဓိကယှဉ်ပြိုင်ရမှာ အိန္ဒိယနဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။ လေ့ကျင့်ချိန် တစ်လပဲရပေမယ့် ဆုတံဆိပ်မျှော်မှန်းထားပါတယ်"ဟု ကျော်မင်းသန်းက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ နည်းပြ၊ အုပ်ချုပ်သူနှင့် ကစားသမားစုစုပေါင်း ၁၃ ဦးတို့သည် ဇူလိုင် ၁၅ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဗလစိုး

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေဝါမြေလမ်း၊ အမှတ်(၂၄၀-ခ/၅၉) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ သုံးထပ်ခွဲတိုက် (၅)လွှာအဆောက်အဦမှ မှန်ခန်း (ခေါင်းရင်းခန်း)ဟုခေါ်သော ဧရိယာ (၁၁x၄၀)ပေရှိ ရေ၊ မီးအစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ ရေမီးအစုံတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိလက်ဝယ်နေထိုင်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့် (N/OKA-028064) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်စိန်မြင့် [၁၂/ကမရ(နိုင်)၀၂၆၇၂၃] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် စာချုပ်စာတမ်း ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီရိဝေဦး**
**LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၈၆၃/၂၀၁၉)**
**အမှတ်(၅၀)၊ ပထပ်၊ အခန်း (C-3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၈၄၁၂၅၉၉၇**

**ဦးစိုးရန်နိုင်**
**LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၈၃၈) ၁၁-၇-၂၀၁၈**
**အမှတ်(၁၂/က)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 01-521236, 09-428177487, 09-795128994**

**ဥတုရာသီ တောကိုမှီ၏**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၄၁)၊ မြေအကျယ်အဝန်း (၆၀ ပေ x ၈၀ ပေ)၊ ဧရိယာ(၀.၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်(RC)နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒုဗိုလ်မှူးကြီးထွန်းအောင်မြင့်(AA-၀၅၃၁၂၅)[၁၂/ဒဂန(နိုင်)၀၁၂၇၄၅] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အမည်ပေါက် ဒုဗိုလ်မှူးကြီးထွန်းအောင်မြင့်က သားဖြစ်သူ ဦးစောလှမိုး [၁၂/ကမတ(နိုင်)၀၀၁၁၇၀]အား မေတ္တာဖြင့်အပိုင်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂၁**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅) ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၄၂)၊ မြေအကျယ်အဝန်း ပေ(၆၀x၈၀)၊ ဧရိယာ (၀.၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်(BN) နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ရင်ရင်မြ [၁၂/ကမတ(နိုင်)၀၄၉၁၉၆]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အမည်ပေါက် ဒေါ်ရင်ရင်မြက သားဖြစ်သူ ဦးစောလှမိုး [၁၂/ကမတ(နိုင်)၀၀၁၁၇၀]အား မေတ္တာဖြင့်အပိုင်ပေးအပ်ခြင်းမှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးအပ်ခြင်းမှတ်ပုံတင်စာချုပ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၃၁၁၄၆၅၄၊ ၀၉- ၇၉၅၆၀၁၈၆၃၊ ၀၉- ၇၉၆၃၀၈၀၁၂၁၊**

## မြန်မာ့-မာသာထရီဆာသူနာပြုအကူသင်တန်းကျောင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ သုဒဿန (၁) လမ်း၊ အမှတ် (၄၉/ဘီ) နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းဂန္ဓလိုင် (၁/မကန (နိုင်) ၁၅၅၇၅၀) ကိုင်ဆောင်သူ မြန်မာ့-မာသာထရီဆာ (ဥတ္တ၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းဂန္ဓလိုင်သည် လွန်ခဲ့သည့် (၁၀) နှစ်ခန့်ကတည်းကစ၍ ယနေ့အထိ ကောင်းမွန်သောဂုဏ်သတင်းဖြင့် မာသာထရီဆာသူနာပြုအကူသင်တန်းကျောင်းဖွင့်လှစ်၍ ဦးစီးလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ ယခုအခါတွင် လူမှုကွန်ယက်စာမျက်နှာ Facebook ပေါ်တွင် သင်တန်းကျောင်းနှင့်ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် လုပ်ငန်းထိခိုက်ပျက်ပြားစေသည့် ပြောဆိုရေးသားမှုများ တွေ့ရှိလာသည့်အတွက် ထိုသို့မဟုတ်မမှန်ပြောဆိုရေးသားသူများအား ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုင်းဂန္ဓလိုင်မှ မှတ်တမ်းမှတ်ရာများဖြင့် စာရင်းပြုစုကာ အရေးယူရန် ဆောင်ရွက်ပြင်ဆင်နေပါသည်။

ထို့အတွက် ကျွန်ုပ်မိတ်ဆွေ၏ သင်တန်းကျောင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှစပြီး သင်တန်းကျောင်းဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ဆောင်ရွက်မှုများ၊ ပြောဆိုရေးသားမှုများအား လူမှုပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုကွန်ယက် Facebook စာမျက်နှာပေါ်များတွင်လည်းကောင်း ထပ်မံ၍ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဂန္ဓလိုင်မှ တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင် LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၁၄)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉ ၂၆၂၆၁၆၅၈၇၊ ၀၉ ၉၆၄၆၁၆၅၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပတ္တမြားအိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၅၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကိုကိုဦး[၁၂/မရက(နိုင်)၀၅၃၇၂၀]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်သူဇာခိုင်[၁၂/အစန(နိုင်)၀၀၀၇၂၃]မှ ဦးကိုကိုဦး အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၁၅)တွင် တည်ရှိသော UNIQUE SOLUTIONS (MYANMAR) CO.,LTD၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- (၁၃၀၉၀၈၉၉၃) သည်အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်- ၄၇၃၈/၂၀၂၂ (နေ့စွဲ -၂၇-၆-၂၀၂၂)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပဲဆီသန့်၊ နှမ်းဆီသန့်၊ နေကြာဆီ၊ ဟင်းရွက်ဆီ၊ သံလွင်ဆီ၊ ငရုပ်သီးမှုန့်၊ ဆန္ဒင်းမှုန့်၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်စသည့် စားသောက်ကုန်အမျိုးမျိုးတို့အား မိမိတို့ကုမ္ပဏီမှ ကိုယ်တိုင်ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှီငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက ကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**UNIQUE SOLUTIONS (MYANMAR) CO.,LTD ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)** | **ဒေါ်နော်ခမ်းစုစုဗွာ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၀၀)** |

**The Solution Power Law Firm- အမှတ်(၃၃)၊ မြေညီထပ်၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၆)လမ်း၊ အမှတ်(၁၈၀/၁၉၀)တွင် တည်ရှိသော QUEEN EMPIRE INTERNATIONAL COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- (၁၀၆၁၁၅၂၁၄) သည်အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်များမူပိုင်ရှင်ဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်-၂၄၇၀/၂၀၂၂ (နေ့စွဲ-၄-၄-၂၀၂၂)** **မှတ်ပုံတင်စာချုပ်အမှတ်-၄၄၉၁/၂၀၂၂(နေ့စွဲ-၂၁-၆-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်များမှ EUROCAKE အမည်ဖြင့် ကိတ်မုန့်၊ ပေါင်မုန့်၊ cheese cake၊ ကွတ်ကီး၊ ကိတ်ခြောက်၊ အဆာပြေမုန့် စသည့်မုန့် အမျိုးမျိုးတို့အား ဒူဘိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်သော DOFREEZE LLC ၏ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း၊ MOKATE အမည်ဖြင့် ကော်ဖီမစ်၊ ကော်ဖီမှုန့်၊ ချောကလက်အမှုန့်၊ Ready to drink ကော်ဖီဘူးအမျိုးမျိုးစသည်တို့အား ပိုလန်နိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်သော Mokate Sp. z o.o ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ရောင်းချခွင့် (Letter of Authorization and Agreement)အားလည်းကောင်း၊ မိမိတို့ QUEEN EMPIRE INTERNATIONAL CO., LTD မှရရှိထားပြီး ပြည်ပနိုင်ငံများမှ တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တရားမဝင်သောနည်းလမ်းများဖြင့် တင်သွင်းရောင်းချဖြန့်ဖြူးခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိရပါက အကျိုးစီးပွားထိခိုက်နစ်နာစေမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**QUEEN EMPIRE INTERNATIONAL COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)** | **ဒေါ်နော်ခမ်းစုစုဗွာ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၀၀)** |

**The Solution Power Law Firm- အမှတ်(၃၃)၊ မြေညီထပ်၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၉၈၉၄၂၊ ၀၉- ၂၀၃၉၀၄၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ကုန်းပိုင်းလုပ်ကွက်များတွင်ရေနံအထွက်တိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း(၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့တွင် တွင်းစားစနစ် (Well by Well Basic)ကိုအခြေခံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Joint Operating Agreement-JOA) ဖြင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များမှ စိတ်ဝင်စားမှုအဆိုပြုလွှာများ တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော အောက်ဖော်ပြပါ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့အား တင်ဒါရွေးချယ်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရမည်ဖြစ်ပါသည်-

| စဉ် | လုပ်ကွက် | တည်နေရာ | စာချုပ်အမျိုးအစား |
|---|---|---|---|
| (၁) | PSC-D | မဟူတောင်ဒေသ | JOA |
| (၂) | RSF-1 | ကျောက်ခွက်-လက်ပံတိုဒေသ | JOA |
| (၃) | IOR-1 | အရာတော်ဒေသ | JOA |
| (၄) | RSF-8 | ရေနံမဒေသ | JOA |
| (၅) | IOR-4 | ပြည်ဒေသ | JOA |
| (၆) | IOR-6 | မြန်အောင်ဒေသ | JOA |
| (၇) | IOR-7 | ရွှေပြည်သာဒေသ | JOA |
| (၈) | MOGE-5 | အဖျောက်ဒေသ | JOA |
| (၉) | MOGE-5 | ညောင်တုန်းဒေသ | JOA |
| (၁၀) | MOGE-5 | မအူပင်တောင်ဒေသ | JOA |

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests -LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association-AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association-MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာ (Last 3 years Annual Report)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများအား Hard Copy (မူရင်း(၁)စုံ + မိတ္တူ(၃)စုံ)နှင့် Soft Copy တို့ကိုပူးတွဲ၍ **"မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း-၂၀၂၂"**ဟု ရေးသားဖော်ပြ၍ လာရောက်တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊နေပြည်တော်

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ် (၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့်အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၂၂ ရက်နေ့ (၁၃:၀၀)နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှုပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့်လုပ်ကွက်များနှင့်သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ ရှင်းလင်းတင်ပြမှုပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့်စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများ ရှိ-မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ-မရှိ စိစစ်ခြင်းများ ပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင် ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါ လိပ်စာသို့ဆက်သွယ်ရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် oilandgasplanningdepartment@gmail.com

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(၁) ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန၊နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် oilandgasplanningdepartment@gmail.com

(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၅၅/ ၃၄၁၁၀၅၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၁၇၈/ ၃၄၁၁၂၅
အီးမေးလ် mogemdoffice4163@gmail.com

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၅၅၄၊ အကျယ်အဝန်း ပေ(၄၂x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၅၄၊ စိုက်ပျိုးရေး(၂)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြသန်း(အမ်တီအေ-၁၆၆၂၂၂) အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၁၇၆/၁၉၉၇) အရ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်လဲ့လဲ့ဝင်း(ကေအက်စ်အီး-၀၈၆၇၈၀)ထံမှ (၅-၃-၁၉၉၈) ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်ရရှိထားသူ ဒေါ်နွယ်နွယ်အောင်(MDY-SE-၀၀၇၂၂၄) [၁၀/ကတန(နိုင်)၀၀၈၀၇၁]မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာ(၄)၊ မြေကွက်အမှတ်-၆၇၂/A၊ ဦးပိုင်အမှတ်-H/၉၉၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)၊ ဧရိယာ(၀.၀၅၅) ဧကရှိ လ/န (၃၉) လျှောက်ထားပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - H/၉၉၊ ဗဟို (၁၄) လမ်း၊ အောင်ချမ်းသာ(၄) အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သည့်မြေကွက်သည် သန်လျင်မြို့ အိမ်ရာမြေချထားရေး မြေစာရင်းတွင် ဦးဝေလွင်ဦး[၁၂/သလန(နိုင်)၀၂၇၀၀၃] အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ (၁၃-၉-၁၉၉၇) ရက်စွဲပါ "မြေကွက်အရောင်းအဝယ်သဘောတူစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နုအေးကြည်[၁၂/ပဘတ(နိုင်) ၀၀၃၅၆၂]မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၄၅/၁)၊ မြေညီထပ်၊ (၄၃) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၅/ဥတ္တရသီရိရပ်၊ မြေဧရိယာ(၀.၅၂၈)ဧက၊ မြေကွက်အမှတ်(ဥ-၂၁၂၅)၏ အမည်ပေါက် ဦးဥာဏ်ဝင်း (ဘ) ဦးချိန်ပေါ် [၁၂/ပဇတ(နိုင်)၀၀၁၀၆၀]ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်လှလှဝင်း (ဘ) ဦးခင်တိတ် [၁၂/ပဇတ(နိုင်)၀၂၄၈၁၆]မှ ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၆/၁၃၁၀/၂၀၂၂)မူရင်း၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေကွက်အမှတ်(ဥ-၂၁၂၅)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်လှလှဝင်း (ဘ) ဦးခင်တိတ် [၁၂/ပဇတ(နိုင်)၀၂၄၈၁၆]၏ အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းအခေါ် (၁၀/တောင်)ရပ်ကွက်/ အရပ်အခေါ် (၁၀/တောင်) (၁၄)ရပ်ကွက်၊ သလ္လာဝတီ (၁)လမ်း၊ အမှတ်(၁၅၀၈/ခ)၊ (၁)ခန်းတည်း RC (၅½)ထပ်တိုက်၏ ဒုတိယထပ် (၃လွှာ)အခန်း၊ ဧရိယာ (၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဒေါ်ခင်ခင်အေး [၁၂/သကတ(နိုင်) ၁၂၈၆၉၉]၊ ဒေါ်နွယ်နီ [၁၂/သကတ(နိုင်)၁၀၇၂၉၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်သူရ [၁၂/သကတ(နိုင်)၂၀၃၀၀၇] က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09- 765602290**

## ကန့်ကွက်နိုင်ပါရန်ကြေညာခြင်း

လှည်းကူးမြို့နယ်၊ တပင်ရွှေထီး၊ မြို့မ ၈/၃ ရပ်ကွက်၊ သဇင်(၂)လမ်း၊ အမှတ်(၂၅၆)၊ ဦးသန်းရွှေ အမည်ပေါက်မြေ ပေ(၄၀x၆၀)အား ဆက်စပ်စာချုပ်များနှင့် ဒေါ်မိမိအောင်ထံမှ နိုင်ငံသားအမှတ် [၁၂/ဥကတ(နိုင်) ၀၂၃၇၅၈]ဒေါ်ကြည်ကြည်မာမှ ဝယ်ယူထားခဲ့ပြီး ၎င်းမြေပေါ်တွင် အုတ်တံတိုင်းကာရံခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ကြည်ကြည်မာ**
**09-250146429**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းကြည် (ရွှေကျင်မြို့)

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ (အမှုဆောင်အရာရှိချုပ် YESC–MOEP)–ဒေါ်နီလာရှိန်တို့၏မိခင်၊ ဦးအေး၏ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ရွှေကျင်မြို့နေ ဒေါ်သိန်းကြည် အသက်(၉၅)နှစ် သည် ၁၀–၇–၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းကြည်**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်ဇော်–ဒေါ်ယဉ်စန်း၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဆရာကြီး ဦးကျင်မြင့်(အထက–ငြိမ်း)–ဒေါ်တင်မေငွေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ [ဦးငွေးဝင်း(ဗဟိုတရားရုံးချုပ်–ငြိမ်း)]–ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေပြည်သာမြို့နယ်နေ ဦးထွန်းမြတ်ကြွယ်–ဒေါ်ထွေးထွေးစိန်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာနေ ဦးတင်ဖုန်းမြင့်–ဒေါ်ရီရီနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ (အမှုဆောင်အရာရှိချုပ်–YESC, MOEP)–ဒေါ်နီလာရှိန်၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ ဦးစိုးမိုး–ဒေါ်ငွေးငွေး(ရွှေစည်–စိုက်ပျိုးရေးဆေးဆိုင်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၉ ယောက်၊ မြစ် ငါးယောက်တို့၏အဘွား၊ ဦးအေး၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းကြည်သည် ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့) ည ၉:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ခဲ့ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂–၇–၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေကျင်မြို့နေ ဦးအေး–(ဒေါ်သိန်းကြည်)တို့နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်(ငြိမ်း)

**ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အတွင်းရေးမှူး)**

**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

**ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဥက္ကဋ္ဌ) (ငြိမ်း)**

**ကယားပြည်နယ်၊ လွိုင်ကော်မြို့**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံ၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၇၅)နေ ဒေါ်ကြင်အေး(ခ)ဒေါ်ကြွယ်စုသင်း၏ခင်ပွန်း၊ ဦးလင်းယံမောင်(ခ)ဦးအောင်ခိုင်မင်းမောင်–ဒေါ်ခိုင်ခိုင်စိုး၊ ဦးထက်အောင်ရဲရင့်– ဒေါ်အေးပပခိုင်( မန်နေးဂျင်းဒါရိုက်တာ/ ဒါရိုက်တာများ) Golden Icon Co.,Ltd / Golden Icon Construction Co.,Ltd၊ [ဦးဝင်းရန်မောင်(ခ) ဦးအာကာမင်းမောင်]၊ ဦးမင်းသိမ်းကျော် (မန်နေးဂျင်းဒါရိုက်တာ–Green Leaf Farm Myanmar Co.,Ltd, ဒါရိုက်တာ Golden Icon Construction Co.,Ltd)တို့၏ဖခင်၊ မအိင့်ဖူး၊ မမှူးပြည့်သဥ္ဇာခိုင်၊ မောင်သူရိန်ရဲရင့်၊ မမေမြတ်သော်တာတို့၏အဘိုး ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)သည် ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆–၇–၂၀၂၂ (စနေနေ့)တွင် အထက်ဖော်ပြပါလိပ်စာရှိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်အမာဂျန်(ခ) ဒေါ်အမာ(ဖျာပုံ– ဒေးဒရဲ)

### (ဟာဂျီ – ဦးဆရက်ဘယဆေးဆိုင်)

### အသက်(၈၉)နှစ်

ဒေးဒရဲမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးအီဘရာဟင်–ဒေါ်ဘီဘီ)တို့၏ သမီးငယ်၊ ဖျာပုံမြို့၊ အမှတ် (၁၅)၊ ရွှေသာလျောင်းဘုရားလမ်းနေ [ဟာဂျီဦးဆရက်–ဒေါ်ရှရီဖာ(ခ)ဒေါ်အေးချမ်း]တို့၏ သမီးချွေးမ၊ (ဟာဂျီ ဦးကျော်လွင်)၏ ချစ်ဇနီး၊ ဒေါ်မာမာလွင်၊ ဒေါ်မေမေလွင် (တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၉–၇–၂၀၂၂ ရက် ညတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၀–၇–၂၀၂၂ ရက်တွင် ဖျာပုံမြို့ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာ ပြုလုပ်ပြီးဖြစ်ကြောင်း ရပ်ဝေးနေ ဆွေမျိုးများနှင့် မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ကမ္ဘာ့အပူချိန်

# လျှော့ချဖို့

# အိုဇုန်းလွှာ

# ကာကွယ်မှုနဲ့

# အတူ

# ဆက်လက်

# ဆောင်ရွက်စို့

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းကြည်**

**အသက်(၉၅)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမှုဆောင်အရာရှိချုပ် ဦးကျော်သူ –ဒေါ်နီလာရှိန်တို့၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်သိန်းကြည် အသက်(၉၅)နှစ်သည် ၁၀–၇–၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ၊ စီမံရေးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

---

**ဦးစန်းငွေး**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သော်တာလမ်း၊ အမှတ်(၃)နေ (ဦးအောင်သိန်း–ဒေါ်ကြည်)တို့၏သား၊ (ဦးသက်ထူး)၊ ဒေါ်မိမိခိုင်တို့၏အစ်ကို၊ ဒေါ်စိုးစိုးအောင်၏ခင်ပွန်း၊ မောင်အောင်ကိုဝင်း၊ မောင်အောင်ကျော်ခန့်တို့၏ ချစ်လှစွာသောဖခင် ဦးစန်းငွေးသည် ၁၁–၇–၂၀၂၂ (တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၇–၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်ကြီး ဝင်းမြင့်ဇော် (ငြိမ်း)**

**ဗကသ(၈၅)၊ သီဟတပ်ခွဲ**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စိန်ပန်းမြိုင်အိမ်ရာနေ ဒေါ်ဖြူဖြူထွန်း၏ ချစ်လှစွာသောခင်ပွန်း မနှင်းသဥ္ဇာဇော်၊ မခင်ချော၊ မောင်အောင်ရှင်းပိုင်တို့၏ ကျေးဇူးရှင် ဖခင်ကြီးဖြစ်သူ ဗိုလ်ကြီးဝင်းမြင့်ဇော်(ငြိမ်း)သည် ၂၉–၆–၂၀၂၂ ရက် ည ၇:၄၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၊ အသင်းဝင်ဖြစ်သော ဒေါက်တာခင်စန်းမြင့် (သခ–၅၈) 2nd Batch အသက် (၇၅)နှစ်သည် ၉–၇–၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း**

---

**မခင်ရတနာအောင်**

**နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)**

**ဂျပန်ဘာသာ ဒုတိယနှစ်**

**အသက်(၂၁)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အိမ်အမှတ် (ဖဖ–၄/၁၁)၊ လမ်း(၅၀)နှင့် မနော်ဟာရီလမ်းထောင့်နေ ဦးအောင်ကျော်ဦး–ဒေါ်ထွေးထွေး တို့၏သမီးကြီး၊ မခင်ပြည့်ပြည့်အောင် ၏အစ်မဖြစ်သူ မခင်ရတနာအောင် သည် ၁၁–၇–၂၀၂၂ ရက် နံနက် ၁၁:၄၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၃–၇–၂၀၂၂ရက် နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ နယ်မြေ(၈)၊ ကွင်းအမှတ်(၄၀၄)၊ ဦးပိုင်အမှတ်(၃၃)၊အကျယ်အဝန်း အလျား (၈၀)ပေxအနံ (၄၀)ပေရှိ မြေကွက်ထဲမှ ခွဲစိတ်ထားသော အလျား(၂၀)ပေxအနံ(၄၀)ပေ [အိမ်အမှတ်(၇/၅၉) ခြံစပ်နှင့်ကပ်လျက်] မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးနွယ်[၁၂/အစန(နိုင်)၀၁၄၂၈၀]နှင့် ဒေါ်ခိုင်ဇာဇာဝေ[၁၂/အစန(နိုင်)၁၇၅၆၆၂]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် (ခုနစ်)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်မိုးမြတ်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၈၁)**
**ရုံး–ဒဂုံမြို့သစ်(မြောက်ပိုင်း)တရားရုံးအနီး၊ ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၅၇၆၄၁၁၇၀**

---

**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”**

ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြင့်အောင်[၁၂/ဗတထ(နိုင်) ၀၀၃၈၈၆]အမည်ပေါက်သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၉၆၇)၊ ပေ(၄၀x၆၀)အကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (မြေကွက်အမှတ်–၉၆၈ နှင့် ကပ်လျက်ဘက်အခြမ်း)ရှိ ပေ(၂၀x၆၀)အကျယ် မြေချပါမစ် အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်များထံမှ ဆက်စပ်စာချုပ်များအရ အပြီးအပိုင်ဝယ်ယူ၍ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း [၁၂/ဥကတ(နိုင်)၁၁၀၅၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေဝါ[၁၂/မရက(နိုင်)၀၀၂၃၆၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ (ကိုယ်တိုင်)လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမွန်သိန်း**
**LL.B, D.I.R, D.I.L, D.B.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၆၉)**
**အမှတ်(၁၅၆)၊ အခန်း(၂/ခ)၊ ပထမထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်။ ဖုန်း–၀၉–၄၅၁၂၃၀၅၀၇**

---

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၉၀/၂)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျေ)၊ မြေကွက်အမှတ် (၁၁၂/၄–၁၇ဘီ)၊ ဧရိယာ (၀.၁၀၁)ဧက၊ မြေအမျိုးအစား–နှစ်(၆၀)ဂရန်၊ အမည်ပေါက် ဦးတင်အောင်စိုး [၁၂/ကမရ(နိုင်)၀၁၁၃၄၇] မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် (ခင်ပွန်း) ဦးတင်အောင်စိုးသည် (၂၉–၇–၂၀၂၁)ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ငြိမ်းအေး [၁၂/မဂတ(နိုင်)၀၃၀၁၅၃]က တစ်ဦးတည်းသော တရားဝင် ဇနီးတော်စပ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုသည့် ၂၃–၉–၂၀၂၁ ရက်စွဲပါဒဂုံမြို့နယ် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးတင်အောင်စိုးအမည်ဖြင့် မှတ်သားထားသည့် အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းစာရွက်အား တင်ပြနိုင်ခြင်းမရှိခြင်းနှင့်စပ်လျဉ်း၍ ဒေါ်ငြိမ်းအေးမှ ဌာနဝင်စာအမှတ်–၁၀၆၉/၄–၂–၂၀၂၂ ဖြင့် အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်း (၁)ခုသာ အထားမှား၍ ပျောက်ဆုံးနေပါကြောင်းနှင့် အခြားအထောက်အထားများအားလုံး မူရင်းတင်ပြပါကြောင်း၊ အမည်ပေါက် စာရွက်အား အခြားသူလက်ဝယ်ရောက်နေခြင်းမဟုတ်ကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်က တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြစာနှင့်အတူ (၃–၂–၂၀၂၂)ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ညအချိန်အိပ်နေချိန်တွင်**

**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**

**လျှပ်စစ်ကို**

**နေ့စဉ်ချွေတာသင့်ပါသည်**

---

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## PDF အမည်ခံ အကြမ်းဖက်သမားများက ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များနှင့် ကျောင်းပိုင်ပစ္စည်းများ ဖျက်ဆီး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းသို့ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲ

နေပြည်တော် ဇူလိုင် ၁၁

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်း

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■





ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သူများက ဝင်ရောက်ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၁

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ-

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဇူလိုင် ၁၁

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို ဇူလိုင် ၁၁ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဆက်လက်ကျင်းပရာ မြန်မာနှင့် ဗီယက်နမ်အသင်း သုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

အုပ်စုစတုတ္ထနေ့တွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက တီမောအသင်းကို ခြောက်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○



မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့** ဖတ်စရာ

SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ - ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်ဧက ၃၃၄၀ စိုက်ပျိုးသွားမည် စာမျက်နှာ - ၁၇

